# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၂)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၃-၈-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းကိုးဆယ်နှင့် ငွေကျပ်သုံးဆယ့် ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးဆယ်နှင့် ငွေကျပ်သိန်းတစ်ရာခုနှစ်သောင်းငါးထောင် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်တစ်ရာနှစ်ဆယ့်တစ်သိန်း နှစ်သောင်းငါးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့်ငွေကျပ်သိန်းတစ်ရာကို လည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ (အပေါ်ပုံ)

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပေးပို့လှူဒါန်းသည့် ငွေကျပ်ငါးရာတစ်ဆယ့်လေးသိန်း တစ်သောင်းခြောက်ရာ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


အိုင်ပုန်းအပါအဝင် အက်ပဲလ်၏ ထုတ်ကုန်များထဲတွင် မှတ်ဉာဏ်တုစနစ်ကို အဆင့်မြှင့်ထည့်သွင်းသွားမည်

စာမျက်နှာ ၈

ကာယပွံ့ဖြိုး ဉာဏ်ရည်တိုး၍ ဆုံးဖြတ်ချက် မှန်ကန်လျင်မြန်စေနိုင်မည့် ဂူရှူးအားကစား(ဆောင်းပါး)

စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက် ၊ စနေနေ့ ။

# နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်တွင်ပါဝင်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"၊ "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့် ဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ၂၀၂၁ခုနှစ် ဩဂုတ် ၁ရက်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

နိုင်ငံတော်၏အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် လူငယ်ရေးရာကဏ္ဍ ဆောင်ရွက်ရာတွင် လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များသည် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်သည့်အတွက် လူငယ်ရေးရာကဏ္ဍဆောင်ရွက်မှုများအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး လူငယ်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာန (နေပြည်တော်)နှင့် လူငယ်ရေးရာဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနက်မှ ဝန်ကြီးဌာနတွင်း/ဌာနပြင်ပသင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍတွင် စည်းကမ်းရှိရှိ၊ တာဝန်သိသိဖြင့် မိသားစုညီအစ်ကိုမောင်နှမသဖွယ် စည်းစည်းလုံးလုံး ပျော်ရွှင်စွာဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍဆောင်ရွက်မှုများတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့နိုင်ငံများအကြား အဆင့်မြင့်မြင့်ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိရေးတို့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လှူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ညောင်ကန်တန်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ် မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

(အပေါ်ဝဲပုံ)

(၀၃၇)

၀-၀-၀-၀-၀

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂**

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ သီရိရတနာခန်းမ၌ ကျင်းပရာ သွေးလှူရှင် ၂၀၀ကျော် ပါဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲ၌ ဘာသာရပ်ဌာန ၁၅ခုမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများက ပါဝင်လှူဒါန်းကြရာ မန္တလေးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာစုလှိုင်ဦးနှင့် အဖွဲ့မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူရှင်များအား သွေးမလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးများလက်ခံဆောင်ရွက်ပေးနေမှုများ၊ သွေးလှူဒါန်းနေမှုများကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ပါမောက္ခ(ဌာနမှူး)များက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့သည်။

ယနေ့ စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သွေးလှူရှင်များမှ လှူဒါန်းရရှိသည့် သွေးအိတ် ၁၅၀ အိတ်ကို မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ထံသို့ပေးအပ်ရာ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)





## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရန် သုတ၊ ရသ၊ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်း

**ရေနံချောင်း ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ ပေးပို့လှူဒါန်းသည့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့လှူဒါန်းရာတွင် နိုင်ငံတော်အစိုးရမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး စာပေဖတ်ရှုလေ့လာခြင်းဖြင့် အမှား၊ အမှန် ဝေဖန်ခွဲခြားတတ်ကာ အတွေးခေါ်ကောင်းများ ရရှိစေရန်အတွက် ပေးပို့လှူဒါန်းသည့် သုတ၊ ရသစာအုပ်၊ စာစောင်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်၊ စာစောင် စုစုပေါင်း ၄၀၀ကို မြို့နယ်အတွင်း ရှင်သန်နေသည့် စံညီစာကြည့်တိုက် ၁၃ တိုက်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စေတနာဖြင့် စုပေါင်းလျက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦးတို့က လိုက်လံကြည့်ရှု အားပေးကြသည်။ (ယာပုံ)

**လှူဒါန်းပေး**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၉၀ နှင့် တပ်မတော်သား တစ်ဦးလျှင် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ မုန့်၊ လက်ဖက်ထုပ် အသေး၊ ငါးပိထုပ်၊ လက်ဖက်အကြော်စုံ၊ ပေါက်ရှု ရှုဆေးဘူး၊ ငါးသေတ္တာတို့ ပါရှိသော အစားအသောက် ဆေးဝါး ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၅ သိန်းဖိုးကို တပ်မတော်သား အယောက် ၂၀၀ အတွက် မေတ္တာဖြင့် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဦးလည်မသုန် အစဉ်ကာကွယ်နေသော၊ တရားသောစစ်ကို ဆင်နွှဲနေသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းကာ စိတ်အားထက်သန်စွာဖြင့် ချက်ပြုတ်ကြော်လှော်ထားသော စားသောက်ဖွယ်ရာများအား ထောက်ပံ့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများအား စနစ်တကျထုပ်ပိုးနေမှု၊ လှူဒါန်းပေးပို့နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ အကိုက်အခဲပျောက်ဆေးများ၊ တိုင်းရင်းဆေးဝါး (လိမ်းဆေး၊ သောက်ဆေးများ)၊ ငါးခြောက်ကြော်၊ ပုန်းရည်ကြီး၊ လက်ဖက်နှပ်၊ ဘီစကွတ်များ၊ ခေါက်ဆွဲခြောက်များအား ထောက်ပံ့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး “ဒို့တာဝန်အရေးသုံးပါးအတွက် တရားသောစစ်ကို ရဲဝံ့စွန့်စားစွာ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်ဖြင့် အသက်နှင့်ခန္ဓာကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တိုက်ပွဲဝင်လျက်ရှိကြသော ဇာနည်မောင်ဘွား မျိုးချစ်တပ်မတော်သားများ ဘေးရန်ကင်းကွာပါစေကြောင်း၊ တိုက်ပွဲဟူသမျှ အောင်မြင်ပါစေကြောင်း၊ တရားသောစစ်အောင်မြင်ပါစေကြောင်း၊ ပြည်ချစ်တပ်မတော်သားများအားလုံး အောင်ပွဲများအလီလီ ရရှိပါစေကြောင်း၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲပါစေကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ပေးသည့်အတွက် အထူးပင် လေးစားတန်ဖိုးထားပါကြောင်း” အစရှိသည့် ကျန်းမာရေးဝန်ထမ်းမိသားစုများ၏ ဆုတောင်းမေတ္တာပို့သစာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်း၍ အားဖြည့်ဗီတာမင်ဆေးဝါးများ၊ အာဟာရဖြည့်ဓာတ်ဆားထုပ်များ၊ တိုင်းရင်းဆေးဝါးများနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၂၆ သိန်းဖိုးခန့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်း

တောင်ကြီး ဩဂုတ် ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများ၊ ပြည်နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများက စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၅၀၀၀၊ ငါးသေတ္တာ ၃၀၀၀၊ ကော်ဖီမစ်၅၀၀၀၊ သီးစုံဓာတ်ဆားထုပ်၅၀၀၀၊ ပဲပုပ်ကြော်၂၀၀၀၊ ငါးလေးကြော် ၂၀၀၀၊ ဆေးလိပ်အထုပ် ၁၀၀၀၊ လက်ဖက်ထုပ် ၅၀၀၀၊ ချိုချဉ်အထုပ် ၁၀၀၀၊ ချောင်းဆိုးပျောက်ဆေး ၃၀၀၀၊ မဟာဖြေဆေး ၃၀၀၀၊ ငါးပိထောင်း ၅၀၀၀ နှင့် ၁၂ မျိုးပါအထုပ် ၁၀၀၀ တို့ကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါစားသောက်ဖွယ်ရာများကိုသက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးပို့လှူဒါန်း

နေပြည်တော်  ဩဂုတ်  ၂

စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာနှင့် မွန်မြတ်သည့်စိတ်ထားများ အရင်းခံ၍ ငါးပိကြော်၊ ငံပြာရည်ကြော်၊ ဘာလချောင်ကြော်ခြင်း၊ အသင့်စားခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး၊ ဘီစကွတ်၊ ငါးပိထောင်းဘူး၊ ကော်ဖီမစ်ထုပ်၊ ဓာတ်ဆားထုပ်၊ ဆေးဝါးထုပ်ပိုးခြင်းလုပ်ငန်းများ တက်ကြွစွာ ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများက လှည့်လည်အားပေးကြည့်ရှုသည်။(ယာပုံ)



စက်မှုဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးတာဝန်များနှင့် ကာကွယ်ရေးတာဝန်များ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အလှူငွေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

ထို့ပြင် ဝန်ထမ်းများက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် "နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရင်း မိမိကျန်းမာရေးကိုလည်း ဂရုစိုက်ပါ၊ မိမိကိုယ်ကိုလည်း ကာကွယ်ထိန်းသိမ်းပါ၊ အမောင်စစ်သည်တို့၏ ဆောင်ရွက်ချက်များကို အားပေးဂုဏ်ယူရင်း ထောက်ခံနေမည်ဖြစ်ကြောင်း၊" "ရှေ့တန်းရောက်တပ်မတော်သားများ တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရရှိမည်ဟု ယုံကြည်ကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်၍ တရားသောစစ် မုချအောင်ရမည်၊" "အမောင်စစ်သည်တို့ အောင်ပွဲနှင့်အတူ ပြန်လာချိန်တွင် သပြေပန်းနှင့်ကြိုဆိုရန် အသင့်စောင့်နေပါမည်၊" "အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်း တစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေကြောင်း"ဟူသော အားပေးသတင်းအမှာစကားများကိုလည်း ပေးပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့၌ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ပွဲ ကျင်းပ

ရန်ကုန်  ဩဂုတ်  ၂

တရားသောစစ် အောင်မြင်စေရေးနှင့် ကိုယ်ကျိုးစွန့်ကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားတွင် တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏လှူဒါန်းမှုများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၏ လှူဒါန်းမှုများ၊ အလှူရှင်ပြည်သူများ၏ လှူဒါန်းမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းရရှိသည့် အလှူငွေစုစုပေါင်းမှာ ကျပ် ၅၆၂၈၈၀၀၀၀ နှင့် ပစ္စည်းတန်ဖိုးမှာ ကျပ် ၁၂၅၆၄၈၀၀ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၅၇၅၄၄၈၀၀ ရရှိသည်။ အဆိုပါအလှူငွေများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ထုပ်ပိုးဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။



နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများက တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများလှူဒါန်း

ပုသိမ်  ဩဂုတ်  ၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အဆိုပါစားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



ထိုသို့ နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၁၅၀၀၀၊ ကော်ဖီမစ်ထုပ် ၃၀၀၀၀၊ ငါးသေတ္တာဘူး ၆၀၀၀၊ ဆေးပေါ့လိပ်ထုပ် ၃၀၀၀ နှင့် ဘီစကွတ်ထုပ် ၁၅၀၀၀ စသည့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ရှေ့တန်းရောက်တပ်မတော်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး အနန္တောအနန္တငါးပါးတို့၏ဂုဏ်ကျေးဇူးတို့ကြောင့်ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုပါ ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME များနှင့် စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဗဟိုအေဂျင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လျှောပင်ကျေးရွာရှိ ဦးသိန်းဝင်း၏ ချည်စက်တွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာဖြင့် အထည်များရက်လုပ်နေမှု(ယာပုံ)၊ ဦးဇော်လွင်၏ ဖြိုးဖြိုးအထည်စက်၊ ဦးဆန်းမင်းမြတ်၏ ရက်ကန်းလုပ်ငန်း၊ ဦးအောင်မိုး၏ မြခြူးချည်ချောလုံချည်များ ရက်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျီနီကျေးရွာရှိ ဦးစိန်လွင်၏ MSME သံရည်ကျိုလုပ်ငန်း၊ ဦးဟန်ရှိန်၏ သံရည်ကျိုလုပ်ငန်း၊ ဦးပြည်သိမ်း၏ သံရည်ကျိုလုပ်ငန်းတို့သို့ ရောက်ရှိပြီး ရက်ကန်းစက်များအတွက် အပိုပစ္စည်းများ၊ စက်အရန်ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများရရှိရေးကို ကူညီပေးမည်ဖြစ်ကြောင်း၊ သံရည်ကျိုလုပ်ငန်းများမှထွက်ရှိသည့် ကုန်ချောပစ္စည်းများအတွက် ဈေးကွက်ရရှိရေး MSME Agency မှ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လိုအပ်သည့် နည်းပညာများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME Agency များမှ ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ဇမ္ဗူ ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) သို့ ရောက်ရှိပြီး MSME များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံရန်၊ ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ စာရင်းဇယားများကို စနစ်တကျ ကောက်ယူ၍ စောင့်ကြည့်လေ့လာသုံးသပ်ရန်၊ စက်မှုလုပ်ငန်းများမှ ခရိုင်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ပါဝင်မှုနှုန်းများကိုလည်း လေ့လာတွက်ချက်ထားရန်၊ ခရိုင်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ညနေပိုင်းတွင် ပျော်ဘွယ်မြို့နယ် မင်းရွာမှ လက်မှုပညာများဖြင့် မြန်မာ့အမွေအနှစ် ငှက်ကြီးတောင်ခါးရှည်များ၊ လယ်ယာသုံးပစ္စည်းကိရိယာများ၊ မီးဖိုချောင်သုံးဓားများထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အဆွေတော်ဓားဆိုင်ကို အားပေးကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း)သို့ ရောက်ရှိပြီး လုံချည်နှင့်ပိတ်များ ရက်လုပ်နေမှု၊ ဝန်ကြီးဌာနများမှ လုပ်ငန်းအပ်နှံထားသည့် အမျိုးသမီးဝတ်လုံချည်များ ရက်လုပ်နေမှု၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့မှ လုပ်ငန်းအပ်နှံထားသည့် ကာကွယ်ရေးဝတ်စုံများ ချုပ်လုပ်နေမှု၊ အဖြူချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနများမှ အမှာစာဖြင့် လုပ်ငန်းအပ်နှံထားသည့် ကုန်ပစ္စည်းများအား အချိန်မီထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရန်၊ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချုပ်ရိုးချုပ်သား ခိုင်ခံ့မှုရှိအောင်နှင့် လက်ရာသေသပ်ကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်ရန်၊ ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်

**မန္တလေး ဩဂုတ် ၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီး ဖြိုးဝေမြင့်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဦးစီးချုပ်နှင့် တက်ရောက်လာသူများက အကြီးတန်းအဖွဲ့လိုက်ပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းနှင့် ပြင်ဦးလွင်တပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အငယ်တန်းအဖွဲ့လိုက်ပြိုင်ပွဲဝင် မန္တလေးတပ်နယ်အသင်းနှင့် အကြီးတန်းအဖွဲ့လိုက်ပြိုင်ပွဲဝင် ပြင်ဦးလွင်တပ်နယ်အသင်းတို့ကို တိုင်းဦးစီးချုပ်နှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် အုပ်စု ၄ စုခွဲကာ ဇူလိုင် ၁၁ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၃၈)**




# အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ရှေးဦးပြုစုခြင်းအကြောင်း အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ပူးပေါင်းပြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ရှေးဦးပြုစုခြင်းအကြောင်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညီညီတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ အထောက်အကူပြုအရာရှိ ဦးထွန်းအောင်လွင်က ရှေးဦးပြုစုခြင်း သိကောင်းစရာများအကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ ကြက်ခြေနီရှေးဦးပြုစုခြင်း သင်တန်းကိုလည်း တစ်ပါတည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ၊ ကြက်ခြေနီအသင်း အသုံးပြုလျက်ရှိသော အမှတ်အသားများ၊ ကြက်ခြေနီအသင်း လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၊ ရှေးဦးပြုစုနည်းလမ်းများ အကြောင်းတို့ကို ပို့ချဆွေးနွေးမည်ဖြစ်ပြီး သင်တန်းသား ၁၄၃ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-၄)**

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာနှင့် ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး ဩဂုတ် ၂**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာနှင့် ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နန်းဦးလွင်ကျေးရွာနှင့် ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများအတွင်း ခွင့်ပြုချက်မရှိ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုထားသည့် နေအိမ်အဆောက်အအုံများနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန် ကော်မတီအား ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ပြီး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေ၊ မီး၊ လမ်း စနစ်တကျ ဖြစ်စေရေးကိုလည်း ထည့်သွင်း၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာနှင့် ကန်ကောက်ကျေးရွာတို့ရှိ လယ်မြေများပေါ်တွင် ခွင့်ပြုချက်မရှိ ကျူးလွန်အသုံးပြုထားသည့် နေအိမ်များနှင့်ပတ်သက်၍ ကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် အတွင်းရေးမှူး ဦးဝေဇင်ထွန်းတို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး ကော်မတီအဖွဲ့ဝင်ဖြစ်သည့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## သန့်ရှင်းသောသောက်သုံးရေများ ပူလုံစွာ သုံးစွဲနိုင်ရေး ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်များ ဆောက်လုပ်ပေး

**ကျောက်ဆည် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာ သုံးစွဲနိုင်ရေး တုံလုံကျေးရွာနှင့် ကောင်းတင်ကျေးရွာတို့တွင် ရေဂါလန် ၂၄၀၀ ဆံ့ အမြင့်ရေစင်များ ဆောက်လုပ်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အမြင့်ရေစင်များ ဆောက်လုပ်ရာ၌ ကျေးရွာ တစ်ရွာလျှင် မန္တလေးတိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၉၀၀ သန်း အကုန်အကျခံကာ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တစ်ခုစီ ဆောက်လုပ်ပေးလျက်ရှိကြောင်းနှင့် အမြင့်ရေစင်များ ဆောက်လုပ်ပြီးစီးသွားပါက တုံလုံကျေးရွာမှ ပြည်သူများနှင့် ကောင်းတင်ကျေးရွာမှ အိမ်ခြေ ၂၁၅ အိမ်၊ လူဦးရေ ၁၁၄၀ ဦး တို့အတွက် သန့်ရှင်းသောသောက်သုံးရေများကို အချိန်ရာသီမရွေး ဖူလုံစွာ သုံးစွဲနိုင်တော့မည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်များနှင့် အခြား လိုအပ်သည့်နေရာများတွင် ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

## ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး

**ညောင်ဦး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မျက်ခါးတောကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ ပျက်စီးနေသဖြင့် သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ ဩဂုတ် ၁ ရက် နံနက်ပိုင်းက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတ ရေလှူအဖွဲ့က သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ်၊ မျက်ခါးတောကျေးရွာရှိ လေးလက်မ စက်ရေတွင်းမှာ မြေအောက်အနက်ပေ ၁၁၅၀ ရှိပြီး နှစ်ကာလကြာမြင့်မှုကြောင့် ရေမော်တာနှင့် ဆက်စပ်ပစ္စည်းများ ချွတ်ယွင်းပျက်စီးခဲ့ပြီး ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့က စေတနာအလှူရှင်များနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၀၉၃၀၀၀၀ ကို အသုံးပြု၍ စက်ရေတွင်းအား 10 HP (Submersible Pump) ရေမော်တာနှင့် ဆက်စပ်ပစ္စည်းများ အသစ်လဲလှယ်တပ်ဆင်ပြီး ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်သည်။

ညောင်ဦးမြို့နယ်၊ မျက်ခါးတောကျေးရွာတွင် ပျက်စီးနေသည့် စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ထောင်စု ၂၀၀ ကျော်ရှိ လူဦးရေ ၇၀၀ ကျော်နှင့် နွားကောင်ရေ ၅၀၀ ကျော်၊ ဆိတ်ကောင်ရေ ၈၆၀ ကျော်တို့အတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိပြီဖြစ်သည်။



ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာပရဟိတရေလှူအဖွဲ့မှ ယခုသွားရောက် ပြုပြင်လှူဒါန်းပေးခဲ့သော စက်ရေတွင်းမှာ ညောင်ဦးမြို့နယ်အတွင်း ၇၉ တွင်းမြောက် ပြုပြင်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)



## စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ထွန်စက်ကြီးများကို ပိုမိုအသုံးပြုလျက်ရှိ

**မြစ်သား ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများသည် ယခုနှစ်မိုးရာသီကာလမိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးချိန်တွင် လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းကို ယခင်နှစ်များထက် လယ်ထွန်စက်ကြီးငှားရမ်းအသုံးပြုသူများ ပိုမိုများပြားလာကြောင်း ကွင်းအမှတ်(၄၅၈) မြစ်ဆုံလေးကွင်းရှိ တောင်သူ ဦးဇော်နိုင်က ပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများသည် စက်မှုလယ်ယာဦးစီးဌာနနှင့် ပုဂ္ဂလိကပိုင် လယ်ထွန်စက်ကြီးများကို ငှားရမ်းအသုံးပြု၍ ထွန်ယက်ကြပြီး ထွန်စက်အသုံးပြုခ တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ ကြားရှိသည်။

မြစ်သားမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးမည့် လယ်မြေဧက ၇၂၅၁၁ ကျော်နှင့် ယာမြေဧက ၆၃၅၈၅ ခန့်ရှိပြီး ဒေသစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲတီစိမ်း၊ ငရုတ်၊ ကြက်သွန်နီနှင့် ပြောင်းဖူး စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြသည်။

မြစ်သားမြို့နယ်တွင် မြစ်ချောင်း၊ စိမ့်စမ်းရေနှင့် ဆည်ရေသောက် ရရှိခြင်းတို့ကြောင့် ဒေသခံ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သောတောင်သူများသည် လယ်ထွန်စက်များကို ပိုမိုအသုံးပြုလာခြင်းကြောင့် စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝါဝါမြင့်(မြစ်သား)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Hwarang ဇာတ်ကားမှ အနုပညာရှင် Wooga Squad အဖွဲ့ ဖွဲ့စည်းထား



ကိုရီးယားရာဇဝင်ဇာတ်ကား Hwarang တွင် ကမ္ဘာကျော် အနုပညာရှင်များနှင့်အတူ BTS အဖွဲ့ဝင် V (ခေါ်) ကင်ထယ်ယောင်းလည်းပါဝင်ပြီး Wooga Squad ဖွဲ့စည်းထားကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအဖွဲ့တွင် ကမ္ဘာကျော် အနုပညာရှင်နှင့် အဆိုတော်များ ဖြိုးပါဝင်ထားရာ ချောမောခန့်ညားသူများဖြစ်ကြသည့် အသက်အကြီးဆုံး ၁၉၈၈ခုနှစ်ဖွားမှ အသက်အငယ်ဆုံး၁၉၉၅ ခုနှစ်ဖွားအထိ ပါဝင်ခဲ့ကြသည်။

အဖွဲ့ဝင်များအဖြစ် ပတ်ဆိုဂျွမ်၊ ဂျီဟန်၊ မင်ဟို၊ ပတ်ဟွမ်ဆစ်၊ဂန်ဝမ်နှင့် V (ခေါ်)ကင်ထယ်ယောင်းတို့ပါဝင်ပြီး အဖွဲ့ဝင်များအားလုံး လက်စွပ်ဆင်တူကို လက်ညှိုးတွင် Wooga Ring အဖြစ် အမှတ်အသားပြု ဝတ်ထားကြရာ ကျောင်ကုကလည်း လက်သန်းတွင် ဝတ်ဆင်၍အဖွဲ့နှင့်အတူ ပါဝင်ခဲ့သည်။

အဖွဲ့ဝင်များ အချင်းချင်း ချစ်ခင်ရင်းနှီးကြပြီး နွေရာသီတွင် ချယ်ရီပန်းကြည့်ရန် ခရီးထွက်မည့်အစီအစဉ်များ ရေးဆွဲထားကြကာ အနုပညာလုပ်ငန်းများနှင့် ခရီးဆက်နေကြသည်။ SKY

## မင်းသမီး Shin Hye Sun ၏ Following ရုပ်ရှင်ဇာတ်ကား မွန်းကြပ်မှုရသကို ပေးစွမ်းထား

ကိုရီးယားရုပ်ရှင်နယ်ပယ်တွင် သရုပ်ဆောင်ကောင်းသည့် မင်းသမီးရှင်ဟယ်ဆွန်နှင့်အတူ မင်းသားဗြောင်ယိုယန်ပါဝင်ထားသည့် ရုပ်ရှင်သစ် Following မှာ မွန်းကြပ်မှုရသကို ပေးစွမ်းထားရာမှ ထွက်ပေါက်ရှာသောကားဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာပေါက်စ ဂင်ဆယ်ဟွီ၏ ပထမဦးဆုံးပွဲဦးထွက်လက်ရာဖြစ်ကာ မင်းသမီး ရှင်ဟယ်ဆွန်နှင့် မြောင်ယိုဟန်တို့အပြင် အရံမင်းသမီး အီအယ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

အိမ်ခြံမြေအကျိုးဆောင်လူငယ်တစ်ဦးက လူများဘဝကို တိတ်တခိုးစောင့်ကြည့်ရသည်ကို ဝါသနာပါကာ လူနေအိမ်များထဲ တိတ်တခိုးဝင်ရသည်ကို သဘောကျသူဖြစ်ခဲ့ပြီး သွေးသံတရဲရဲနှင့် အလောင်းတစ်ခုကို မြင်တွေ့ခဲ့ရာမှ မွန်းကြပ်မှုရသမျိုး ပေးစွမ်းထားပြီး ထွက်ပေါက်ရသော ရုပ်ရှင်ကားဖြစ်သည်။ SKY




## မင်းသမီး Samantha ၏ Theri ရုပ်ရှင်ကို တမီးလ်ရုပ်ရှင်တွင် အဆင့်အတန်းမြင့်မားဟု ဆို

အိန္ဒိယတောင်ပိုင်း တမီးလ်ရုပ်ရှင်ကားများတွင် မင်းသမီး ဆမန်သာပါဝင်သည့် Theri ရုပ်ရှင်ကို အဆင့်အတန်းမြင့်မားသည့် တမီးလ်ရုပ်ရှင်စာရင်းတွင် ပါဝင်ထားသည်ဟု ဘောလီဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ဇာတ်လမ်းဇာတ်အိမ် ခိုင်ခံ့ကောင်းမွန်ပြီး၊ သရုပ်ဆောင်ပေါင်းစုံပါဝင်၍ ဒရမ်မာနှင့်အက်ရှင်ကို မျှတအောင်ပေါင်းစပ်၍ ရသစုံပေးနိုင်စွမ်းရှိသဖြင့် တောင်ပိုင်းထိပ်တန်းရုပ်ရှင်စာရင်းဝင်ကာ တမီးလ်ရုပ်ရှင်တွင် အဆင့်အတန်းမြင့်မားသည်ဟု သတ်မှတ်ခဲ့သည်။

တမီးလ်ဘာသာစကားအရ Theri မှာ အစိတ်စိတ်အမွှာမွှာကွဲထွက်မနေဘဲ ဝါရင့်မင်းသားကြီး လီအန်နီဆန်၏ Taken Move Sequal နှင့်ဆင်တူနေကာ အရှေ့တိုင်း အက်ရှင်ဇာတ်ကား တစ်ကားဖြစ်ခဲ့သည်။

မင်းသား ဂျိုဆက်ဗီဂျေး၊ မင်းသမီးဆမန်သာနှင့် အေမီဂျက်ဆင်တို့ အဓိကပါဝင်ထားကြပြီး ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားသည်။ SKY



## Jin @ Kim Seok Jin က လှပသည့် အခိုက်အတန့်အဆုံးတွင် (Hwayangyeonhwa) ပျော်ရွှင်မှုရှိသည်ဟု ဆို

BTS အဖွဲ့ဝင် Jin ခေါ် ကင်ဆွတ်ဂျင်နှင့် weverse အင်တာဗျူးတွင် နောက်ဆုံးမေးခွန်း၌ လှပသည့်အခိုက်အတန့်အဆုံးတွင် (Hwayangyeonhwa) ပျော်ရွှင်မှုဆက်လက်တည်ရှိနေမည်ဟု ဖြေကြားသွားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jin သည် အစောဆုံး သင်တန်းတက်ခဲ့ပြီး ပြန်ရောက်လာရာ ပွဲဦးထွက်ဆယ့်တစ်နှစ်မြောက် မွေးနေ့နှင့်ကြုံခဲ့၍ အမာခံ ပရိသတ်များအတွက် အချိန်ပေးခဲ့ခြင်းမှာ ချစ်ခြင်းအတွက်ဖြစ်ကြောင်း၊ သင်တန်းတွင်လည်း ရသောလခကို မုန့်ဝယ်ကျွေးခဲ့၍ နတ်ဘုရားဟု အမည်သစ်ရခဲ့ကြောင်း၊ လုပ်ဖော်ကိုင်ဖက်များ၏ ချစ်ခြင်းရရှိခဲ့ခြင်းမှာ အမြဲပြုံးနေပြီး အမှားရှိလျှင်လည်း အားလုံးမှားနိုင်သည်ဟု ပြောခဲ့ကြောင်း Jinက ဖြေကြားထားသည်။

Jin ကဆက်လက်၍ အင်တာဗျူးတွင် နောက်ဆုံးမေးခွန်း ဖြေဆိုခဲ့ရာ လှပသည့်အခိုက်အတန့်အဆုံးတွင်သာ ရှိသည်ကို ဆက်မတွေးဘဲ လက်ရှိ (Hwayangy eonhwa) ရှိနေပြီး ဘဝ၏အလှပဆုံးအချိန်ဖြစ်ခဲ့ကာ ပြီးဆုံးသွားလျှင် ကံဆိုးမိုးမှောင်တွင်းထဲ ရုတ်တရက်ကျဆင်းခြင်းမဟုတ်ဘဲ ကျေနပ်လောက်အောင် လှပနေသေးသည်ဟု တွေးကာ World Star မှ ကိုရီးယားစတား၊ မိသားစုစတားအဖြစ် ပျော်ရွှင်စွာနေထိုင်သွားမည်ဟု ပြောကြားသွားခဲ့သည်။ SKY



## အက်စ်ပရင်ဆေး ပုံမှန်သောက်သုံးသူများ အူကင်ဆာရောဂါမှ ကြိုတင်ကာကွယ်နိုင်

အူကင်ဆာရောဂါနှင့်ပတ်သက်၍ အမေရိကန် ဆေးသိပ္ပံသုတေသီများမကြာသေးမီက စူးစမ်းလေ့လာခဲ့ရာ အက်စ်ပရင်ဆေး ပုံမှန်သောက်သုံးသူများအနေဖြင့် ထိုကင်ဆာရောဂါမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ဂျာမာအကြိတ်ဗေဒ ဆေးပညာဂျာနယ်တွင် ဖော်ပြသည်။

အက်စ်ပရင်ဆေး သောက်သူနှင့် မသောက်သူပေါင်း ၁၀၇၆၅၅ဦးတို့ကို နှိုင်းယှဉ်စောင့်ကြည့်လေ့လာရာမှ ယင်းရလဒ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့က အသက် ၅၀နှင့် ၅၉နှစ်အကြား အမျိုးသားအမျိုးသမီးများကို နှလုံးရောဂါနှင့် အူကင်ဆာရောဂါကြိုတင်ကာကွယ်လိုပါက နေ့စဉ်အက်စ်ပရင် သင့်တင့်ရုံမျှ သောက်ပေးရန် ယခင်ကတည်းက ညွှန်ကြားထားသည်။ (SCI)

## Gong Jun က ဇူလိုင်လပထမပတ်တွင် လူကြိုက်များ ကျော်ကြားလာ



တရုတ်အနုပညာရှင်Gong Junသည် ဇူလိုင်လ ပထမပတ်အတွင်း ခေတ်စားလာကာ လူကြိုက်များကျော်ကြားသောစာရင်းတွင် ထိပ်ဆုံးနေရာပိုင်ဆိုင်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါင်ဂျွန်မှာ Hot Search နှစ်ခုတက်ပြီး ကြည့်ရှုသူ 3.43 Billion၊ ကျန်လီဟီးက Hot Search အခုနှစ်ဆယ်တက်ပြီး 1.75 Billion ၊ ရှောင်ကျန့်က ရှစ်ခုတက်ပြီး 1.7 Billion နှင့် ဝမ်ရှင်ယွဲ့က ၂၄ခုတက်ပြီး 1.69 ရရှိထားကြသည်။

ချန်ရီက ပွဲတက် ၂၀ခုရှိပြီး ကြည့်ရှုသူ 1.35 Billion၊ ဝမ်ဟီဒီက ငါးခုတက်ပြီး 1.37 Billion၊ ယူရှီက ဆယ်ခုတက်ပြီး 0.9 Billion၊ ဝမ်ရိဘိုက စခုတက်ပြီး 0.8 Billion၊ ရှုကိန်က နက်ဝေါ်စ့်တစ်ခုလုံး၏ ဒုတိယဖြစ်ပြီး အမြင့်ဆုံးနံပါတ်တစ်နေရာနှင့် တန်ကျီအန်ချီက ငါးခုတက်ပြီး 0.75 Billion ရရှိထားကြသည်။

SKY



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ထိုင်းနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်မှုကဏ္ဍမှ အမြတ်ငွေ ငါးနှစ်အတွင်း ဘတ်ဘီလီယံ ၂၀၀ ကျော်ရရှိရန် မျှော်မှန်း

**ဘန်ကောက် ဩဂုတ် ၂**


ထိုင်းနိုင်ငံ၏ လျှပ်စစ်ကား ထုတ်လုပ်မှုကဏ္ဍမှ အမြတ်ငွေ ပမာဏ လာမည့် ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံနှင့်ညီမျှသည့် ထိုင်းဘတ်ငွေ ဘီလီယံ ၂၀၀ ကျော်ရရှိရန် မျှော်မှန်းထားသည်ဟု ထိုင်းရင်းနှီးမြှုပ်နှံမှုကွပ်ကဲရေးအဖွဲ့က ဩဂုတ် ၁ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အဆိုပါကွပ်ကဲရေးအဖွဲ့က ခွင့်ပြုခဲ့ပြီးနောက် စီမံကိန်း ၂၄ ခုအရ လျှပ်စစ်ကား၊ ဘက်ထရီနှင့် အခြားဆက်စပ်ပစ္စည်းများကို ထိုင်းအခြေစိုက်စက်ရုံအသီးသီးက ထုတ်လုပ်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ လာရောက်ပြီး လျှပ်စစ်ကားထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းရှင်များအပေါ် ထိုင်းအစိုးရက အခွန်စည်းကြပ်မှုပမာဏလျှော့ချပေးရာမှ ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံသူဦးရေ တိုးပွားလာခဲ့သည်။

လက်ရှိအနေအထားအတိုင်း ဆက်လက်ထိန်းထားနိုင်ပါက မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် လျှပ်စစ်ကား အမျိုးမျိုးထုတ်လုပ်ရာ အင်အားအကြီးဆုံးနိုင်ငံဖြစ်လာနိုင်သည်ဟု ထိုင်းလျှပ်စစ်ကားအသင်းဥက္ကဋ္ဌ ခရစ္စဒါအူတာမုတ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**



မိုးသည်းထန်ရေကြီးမှုကြောင့် လူပေါင်း ၃၀ ဦးထက်မနည်း သေဆုံးခဲ့သော တရုတ်နိုင်ငံ ဟူနန်ပြည်နယ် တစ်နေရာကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။ **Mon**

## အမေရိကန်နှင့်ရုရှား အကျဉ်းသား အပြန်အလှန်လဲလှယ် ကာယကံရှင်မိသားစုဝင်များ ပြန်လည်ဆုံဆည်းခွင့်ရ

**ဝါရှင်တန် ဩဂုတ် ၂**

ဩဂုတ် ၁ ရက်က အမေရိကန်နှင့်ရုရှား အကျဉ်းသား အပြန်အလှန်လဲလှယ်မှုပြုလုပ်ခဲ့ရာ နှစ်ဖက်ကာယကံရှင်မိသားစုဝင်များ ပြန်လည်ဆုံဆည်းခွင့်ရသဖြင့် ဝမ်းမြောက်ပျော်ရွှင်နေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက်မပြည့်သော ကလေးသူငယ် နှစ်ဦးအပါအဝင် ရုရှားနိုင်ငံသား ၁၀ ဦးနှင့် အမေရိကန်နိုင်ငံသားများအပါအဝင် ဥရောပတိုက်သား ၁၆ ဦးတို့ အပြန်အလှန်လဲလှယ်ခဲ့သည့် အစီအစဉ်ဖြစ်သည်။



အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်လာကြသူများထဲတွင် ဝေါလ်စထရိဂျာနယ် သတင်းထောက် ဂါ့ရှ်ကိုဗစ်ချ်၊ မရိမ်းတပ်ဖွဲ့ဝင်ဟောင်း ပေါလ်ဝီလန်၊ သတင်းစာဆရာ အယ်လ်ဆူကူရ်မာရှေဗာတို့ ပါဝင်ကြရာ ၎င်းတို့ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒုတိယသမ္မတ ကာမာလာ ဟဲရစ်တို့ ဦးဆောင်ပြီး လာရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ရုရှားနိုင်ငံသို့ ပြန်ရောက်လာသူများထဲတွင် ချေးချင်းညှာသူပုန် တစ်ဦးကို သုတ်သင်ရှင်းလင်းမှုဖြင့် ဂျာမနီနိုင်ငံ၌ အကျဉ်းကျခံနေရသော ရုရှားထောက်လှမ်းရေး အရာရှိ ဗာဒင်မ်ကရာစီကော့ဗ်ပါလာသဖြင့် သမ္မတပူတင်နှင့် ရုရှားထိပ်တန်းခေါင်းဆောင်များ ကျေနပ်နေလိမ့်မည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြောင်း သိရသည်။ **Mon**



## အိုင်ဖုန်းအပါအဝင် အက်ပဲလ်၏ ထုတ်ကုန်များထဲတွင် မှတ်ဉာဏ်တုစနစ်ကို အဆင့်မြှင့်ထည့်သွင်းသွားမည်

**ဝါရှင်တန် ဩဂုတ် ၂**

အိုင်ဖုန်းအပါအဝင် အက်ပဲလ်၏ ထုတ်ကုန်များထဲတွင် မှတ်ဉာဏ်တုစနစ်ကို အဆင့်မြှင့်တင်ပြီး ထည့်သွင်းသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မှတ်ဉာဏ်တုကို လူအများ ပိုမိုစိတ်ဝင်စားလာသော ယနေ့ခေတ်တွင် အထူးသဖြင့် အမေရိကန်အခြေစိုက်နည်းပညာကုမ္ပဏီများက ထိုနည်းပညာကို မိမိတို့ကိုယ်ပိုင်ပညာရှင်အဖွဲ့များ ဖွဲ့စည်းပြီး အပြိုင်အဆိုင် တိုးမြှင့်လေ့လာလျက်ရှိသည်။

မိုက်ခရိုဆော့ဖ်၊ ဂူဂဲလ် စသော ကုမ္ပဏီများက မှတ်ဉာဏ်တုနည်းပညာနှင့်ပတ်သက်၍ ရှေ့တန်းသို့ ရောက်လာခဲ့ရာ အက်ပဲလ်ကုမ္ပဏီကလည်း အိုင်ဖုန်းနှင့် အခြားအဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်းများထဲ၌ ကိုယ်ပိုင်မှတ်ဉာဏ်တုစနစ်ထည့်သွင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ထိုအစီအစဉ်နှင့်ပတ်သက်၍ ဩဂုတ် ၁ ရက်က အတည်ပြုကြေညာခဲ့ရာ နယူးယောက် အစုရှယ်ယာဈေးကွက်တွင် အက်ပဲလ်ကုမ္ပဏီ၏ အစုရှယ်ယာတန်ဖိုးများ ရုတ်တရက် မြင့်တက်ခဲ့သည်။

အမေဇုံ၊ အင်တဲလ် စသော ကုမ္ပဏီကြီးများ၏ အစုရှယ်ယာဈေးနှုန်းကျဆင်းသောနေ့တွင် အက်ပဲလ်၏ အစုရှယ်ယာဈေးနှုန်းသည် အာရှဈေးကွက်တွင်လည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

**Mon**

## ဗီယက်နမ်နိုင်ငံမှ ဗင်းဖတ်စ်ကုမ္ပဏီက ဗီအက်ဖ် ၃ လျှပ်စစ်ကားများ တင်ပို့နေပြီ

**ဟနွိုင်း ဩဂုတ် ၂**

ဗီယက်နမ်နိုင်ငံမှ ဗင်းဖတ်စ်ကုမ္ပဏီက အသေးစားဗီအက်ဖ် ၃ လျှပ်စစ်ကားများကို မှာယူထားသည့် နိုင်ငံများသို့ တင်ပို့ပေးနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော လေးလအတွင်း ကြိုတင်စာရင်းပေးမှာယူထားသည့် အစီးရေအတိုင်း စတင်ပို့ပေးနေခြင်းဖြစ်ကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရှင်းပြသည်။

တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၁၂၈၀၀ ခန့် ကျသင့်မည့် ဗီအက်ဖ် ၃ လျှပ်စစ်ကား ကြိုတင်အရောင်းဖွင့်စဉ်က ၆၆ နာရီအတွင်း ၂၇၆၄၉ စီး မှာယူခဲ့ကြောင်း သိရသည်။ **Mon**




## ၁၈၉၈ ခုနှစ်နောက်ပိုင်း အပူဆုံး ဇူလိုင်လကို ဂျပန်နိုင်ငံသားများ တွေ့ကြုံခဲ့ရသည်ဟု ဆို

**တိုကျို ဩဂုတ် ၂**

၁၈၉၈ ခုနှစ်နောက်ပိုင်း အပူဆုံး ဇူလိုင်လကို ဂျပန်နိုင်ငံသားများ တွေ့ကြုံခဲ့ရသည်ဟု ဂျပန်မိုးလေဝသဌာနက ဩဂုတ် ၁ ရက်တွင် အတည်ပြုကြေညာခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လတိုင်း ဖြစ်ပေါ်ခဲ့သော ယခင်ပျမ်းမျှအပူချိန်ထက် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ၂ ဒသမ ၁၆ ဒီဂရီဆဲလ်ဆီးယပ်စ် မြင့်တက်ခဲ့သည်ဟု အဆိုပါဌာန၏ ထုတ်ပြန်ကြေညာချက်တွင် တွေ့ရသည်။

အထူးသဖြင့် ဇူလိုင်လနှောင်းပိုင်းတွင် တိုကျိုမြို့တော်အလယ်ပိုင်း၊ နာဂိုယာနှင့် ဆနော့မြို့များ၌ အပူချိန်လွန်ကဲခဲ့သည်။ ယခုနှစ် ဧပြီလ နောက်ပိုင်းဖြစ်ပေါ်ခဲ့သော အပူလှိုင်းဒဏ်ကြောင့် ဂျပန်နိုင်ငံတွင် လူပေါင်း ၅၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**



## ဆူဒန်နိုင်ငံ မြောက်ဒါဖောဒေသ ခိုလှုံရေးစခန်းတွင် အငတ်ဘေးကြုံတွေ့နေရပြီဟု ကုလသမဂ္ဂ အတည်ပြု

**ခါတူးမ် ဩဂုတ် ၂**

ဆူဒန်နိုင်ငံ မြောက်ဒါဖောဒေသ ခိုလှုံရေးစခန်းတွင် အငတ်ဘေးကြုံတွေ့နေရပြီဟု ဩဂုတ် ၁ ရက်က ကုလသမဂ္ဂ အတည်ပြုလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် မြောက်ဒါဖောဒေသ ဇမ်ဇမ်ရွှေ့ပြောင်းမိသားစုခိုလှုံရေးစခန်းတွင် အခြေအနေအဆိုးဆုံးဖြစ်သည့် ကုလသမဂ္ဂက လက်ခံထားသော စားနပ်ရိက္ခာလုံခြုံရေးအဆင့် သတ်မှတ်ချက် ၅ အထိ ရောက်ရှိနေပြီဖြစ်သည်။

အိုင်ပီစီ-၅ ဟု အတိုကောက် ခေါ်ဝေါ်သော ထိုအဆင့်က မိသားစုဝင် ငါးဦးရှိသော အိမ်ထောင်စုတွင် မိသားစုဝင်တစ်ဦး အစားအစာဝလင်အောင် မစားရသည့် အခြေအနေကို ရည်ညွှန်းသည်။



လူဦးရေ ၅၀၀၀၀၀ ခန့် မှီတင်းနေထိုင်သော ဇမ်ဇမ်မြို့တွင် ဖွင့်လှစ်ထားသည့် ခိုလှုံရေးစခန်းဖြစ်သဖြင့် ထိုစခန်းကို မြို့အမည်အစွဲပြုပြီး ထိုသို့ မှည့်ခေါ်ထားခြင်းဖြစ်သည်။

ဆူဒန်နိုင်ငံတွင် ၁၅ လကျော်ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကြောင့် လူဦးရေ ၂၅ သန်းခန့် စစ်ဘေးရှောင်ကာ ငတ်မွတ်ခေါင်းပါးနေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပဲခူး-ရွှေလှေအကြား ရထားလမ်းတာပေါင် ရေတိုက်စားထားသော နေရာများအား ကျောက်ကြီးများချယူစီထည့်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း၊ ဂုံးမင်း-ဒါးက ရထားလမ်းပိုင်း ရေဖုံးလွှမ်းနေမှုအခြေအနေကို တွေ့ရစဉ်။

❒ စာမျက်နှာ ၂၄ မှ

ရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည့် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည့်ရေကျော်စီးဆင်းနေသော နေရာများတွင် ရေကင်းစောင့် ဝန်ထမ်းများ နေ့/ည မပြတ် တာဝန်ချထား၍ စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ပဲခူး-ဘုရားကြီးရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထား တာဝန်ရှိသူများနှင့် လုပ်သားများက ကျောက်ရထားနှင့် သံလမ်းပြေးယာဉ် RGC များအသုံးပြု၍ ကျောက်ကြီးများချခြင်း၊ ရထားလမ်းနှင့် တံတားများ၏ ကြံ့ခိုင်ရေးလုပ်ငန်းများကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ဩဂုတ် ၂ ရက် တိုင်းတာစစ်ဆေးချက်များအရ ပဲခူးဘူတာယာဒ်ဝင်းတွင် ရေများပြန်လည်ကျဆင်းသွားပြီး ယာဒ်ဝင်းအစုန်ဘက် တံတားအမှတ်(၆၀)အနီးတွင် သံလမ်းမျက်နှာပြင်အောက် သုံးလက်မခန့်သို့ လည်းကောင်း၊ ပဲခူး-ဘုရားကြီးအကြား အဆန်လမ်းဘက်တွင် သံလမ်းမျက်နှာပြင်အောက် ၂ပေ ၇ လက်မနှင့် အစုန်လမ်းဘက်တွင် ၄ ပေ ၂ လက်မအထိ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားလမ်းပိုင်းတာပေါင်များအား စစ်ဆေးမှုအရ ရထားများ ဖြတ်သန်းစေလွှတ်နိုင်ပြီဖြစ်၍ ရန်ကုန်-မန္တလေး ရထားလမ်းအတွင်း ပဲခူး-ဘုရားကြီးအကြား လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းအတွင်း ပဲခူး-ကလီအကြားလမ်းပိုင်းများအတွင်း ကျောက်ရထား၊ ကုန်ရထားနှင့် သံလမ်းပြေးယာဉ် RGC များဖြင့် စမ်းသပ်ပြေးဆွဲခဲ့ပြီး ယနေ့နံနက် ၆ နာရီ ၅ မိနစ်တွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်၍ ကုန်ရထားများကို ယနေ့မှစ၍ စတင်ပြေးဆွဲခွင့်ပြုခဲ့သည်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပြီး ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကုန်ရထားများ စတင်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

ထို့နောက် ရေနစ်မြုပ်ခဲ့သည့် ပဲခူးဘူတာယာဒ်ဝင်း တံတားအမှတ်(၆၀)နှင့် ရထားလမ်းပိုင်းများ၏ တံတားနှင့် လမ်းပိုင်းကြံ့ခိုင်မှုများ အသေးစိတ်ထပ်မံစစ်ဆေးခြင်း၊ လိုအပ်သည့်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၃ ရက်မှစတင်၍ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် လူစီးစာပို့ရထား၊ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ အဆန်အထူး၊ အစုန်အထူးအမြန်ရထားနှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်စသည့် လူစီးအမြန်ရထားများကို ပုံမှန်အတိုင်းပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းပိုင်းအတွင်း ရေများပြန်လည်ကျဆင်းသွားပါက ရထားလမ်းနှင့် တံတားများကြံ့ခိုင်မှုတို့ကို အသေးစိတ်စစ်ဆေးဆောင်ရွက်ပြီး ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းတုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲ ကျင်းပ

**မိုင်းတုံ ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မိုးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများ ထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မိုင်းတုံမြို့နယ် အတွင်းရှိ နောင်ယာဆိုင်(၂)ကျေးရွာ၊ အေးသာယာကျေးရွာ၊ ဝမ်နားကျေးရွာ၊ ဝမ်ပုံကျေးရွာ၊ ဖာချယ်ကျေးရွာနှင့် နောင်ပါရင်ရပ်ကွက် ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် တစ်လကြာ (အခမဲ့) သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(ကဆ)



## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော



**မန္တလေး ဩဂုတ် ၂**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟိုမန္တလေး)(AEDA-Mdy)တို့မှ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၈လမ်း၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဆန်းတင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသင်းကြီးမှ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းကို ဟောပြောပြီး အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်း ဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများအား အသင်းအမှုဆောင်များဖြစ်သော ဒေါ်သင်းသင်းဦး၊ ဦးဝင်းမင်းလှိုင်တို့က မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုကြသူများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် သပြေညိုကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ ဦးမြင့်စိန်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းသို့ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး လုပ်ငန်းရေရှည်ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၇ဝ)

# သထုံမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ တံတားတစ်စင်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှု ရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာန အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ Drop Bomb များကြဲချတိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည်ကို ပြည်သူလူထုအသိပင်ဖြစ်သည်။

ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၃၄/၄) နှင့် (၁၃၄/၅) ကြား အရှည် ၁၀ ပေ အကျယ်ပေ ၄၀၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား တံတားအမှတ် (၃/၁၃၆)အား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်း



တံတားပြင်ဆင်ပြုပြင်ပြီး မော်တော်ယာဉ်များ ပြန်လည်ဖြတ်သန်းသွားလာနေသည့် မှတ်တမ်းဓာတ်ပုံ။

အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးသွားခဲ့ပြီး ယာဉ်ကြီး/ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရသည့် တံတားအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယာယီ တံတားကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြင်ဆင်မှု များ ဆောင်ရွက်ခဲ့ရာ နံနက်၉ နာရီမှစ၍ ယာဉ်များအားလုံး ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်စေရန်၊ အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်နှင့် ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်အတွင်း ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲမှု ခြောက်ကြိမ်အထိ ပြုလုပ်ခဲ့ပြီးၾငင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်းတံတားများကို လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရေး တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြည်သူလူထု၏သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်အောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပျက်စီးခဲ့သည့် တံတားကို ပုံမှန်အတိုင်းပြန်လည် အသုံးပြုနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မောင်တောမြို့ပေါ်ရှိ မွတ်ဆလင်လူငယ်များကို စစ်သင်တန်းတက်ရောက်ရန် ခေါ်ယူခြင်းကြောင့် ရာနှင့်ချီသည့် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသွားကြောင်း ဝါဒဖြန့်ဝေနေ




နေပြည်တော် ဩဂုတ် ၂

ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်ရှိ ရပ်ကွက်တစ်ခုကို လူငယ် ၃၀ စီ စစ်သင်တန်းတက်ရောက်ရန် တပ်မတော်က အမိန့်ပေးခဲ့သည့်အတွက် မွတ်ဆလင်လူငယ်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးနေကြောင်း မီဒီယာအမည်ခံ AA အကြမ်းဖက်အဖွဲ့၏ လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း သိရပြီး AA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ် မောင်တောမြို့အား တိုက်ခိုက်ရာတွင် စစ်ရေးနှင့် မသက်ဆိုင်သည့် မြို့/ရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံပြည်သူများက ထိုသို့အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် AA အကြမ်းဖက်သမားများကို လက်မခံကြောင်း ဆန့်ကျင် ကန့်ကွက်လျက်ရှိသည်။ ထို့သို့ AA အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ဒေသခံပြည်သူများ အထင်အမြင်လွဲမှားလာစေရန် ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံသတင်းများရေးသားပြီး ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Win Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သီရိမင်္ဂလာရပ်ကွက်နေ ဇော်ဝင်းထက်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ "@edited bysharr" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ အောင်မျိုးသူ(ခ) ဘဲဥအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကြံခင်းမြို့တွင် တပ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် ရေဘေးသင့်ဒေသခံပြည်သူများထံမှ စစ်မှုထမ်းထောက်ပံ့ရန် ငွေကောက်ခံနေသည်ဟု သတင်းအမှားများဖြင့် ဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့ ရေဘေးသင့် ရပ်ကွက်အချို့ရှိဒေသခံများထံ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ဇူလိုင် ၃၁ ရက်တွင် စစ်မှုထမ်းထောက်ပံ့ရန် အကြောင်းပြကာ ငွေကြေးကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကြံခင်းမြို့ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သွားရောက်၍ ရေဘေးသင့် အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး လုပ်ဆောင်ပေးခဲ့ပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း၊ အလှူရှင်များ လာရောက်လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ပစ္စည်းများကိုလည်း မြို့နယ်ပရဟိတအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ဝိုင်းဝန်းဝေငှမှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေးနေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ အောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးဝါဒဖြန့် ရေးသားခြင်းသာ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Olympics တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်



**ပဲရစ် ဩဂုတ် ၂**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 Olympics တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ နာမည်ကျော် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic သည် 2024 Olympics တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ်ကစားသမား Stefanos Tsitsipas အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Olympics တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovicနှင့် အီတလီတင်းနစ်ကစားသမား Lorenzo Musetti တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဓါတ်ပုံ)(NGB)**

## ဗစ်တာရိုကေးအား ခေါ်ယူရန် လာဇီယိုအသင်း စီစဉ်

**တူရင် ဩဂုတ် ၂**

လာဇီယိုအသင်းသည် ဘာစီလိုနာအသင်း တိုက်စစ်မှူး ဗစ်တာရိုကေးအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲ ကစားပြီး ၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လာဇီယိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ဗစ်တာရိုကေးအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက လာဇီယိုအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။ **(အောက်ပုံ)**

ထို့ကြောင့် လာဇီယိုအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ဗစ်တာရိုကေးအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။**(NGB)**



## အစ္စမိုင်လာဆားအား ခရစ္စတယ်ပဲလေ့စ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် မာဆေးလ်အသင်း တောင်ပံကစားသမား အစ္စမိုင်လာဆားအားယူရို ၁၅ သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါတောင်ပံကစားသမားသည် မာဆေးလ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ ပွဲ ကစားပြီး ၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အစ္စမိုင်လာဆားက ကျွန်တော် ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။ **(ယာပုံ)**

**(NGB)**



## ပါစကယ်ဂရော့ ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၁၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် ဩဂုတ် ၂**

ကွင်းလယ်ကစားသမား ပါစကယ်ဂရော့ ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၁၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းမှ ဒေါ့မွန်အသင်းသို့ ၂၀၂၆ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ပါစကယ်ဂရော့သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၁ပွဲကစားပြီး ၃၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဒေါ့မွန်အသင်းသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ၃ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အောက်ပုံ)(NGB)**




### ဘောလုံးသတင်း အတိုအထွာများ

* နော်တင်ဟမ်ဖောရက်စ်အသင်းသည် ပေါ်တူဂီကလပ် ဗစ်တိုးရီးယားအသင်း တောင်ပံကစားသမား ဂျိုတာဆေးလ်ဗားအား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

* အာဆင်နယ်အသင်းသည် အသင်း အီမရိတ်စ်ကွင်းအား တိုးချဲ့တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## နည်းပြ မက္ကလာရင်အား နည်းပြသစ်အဖြစ် ဂျမေကာလက်ရွေးစင်အသင်းခန့်အပ်




**လန်ဒန် ဩဂုတ် ၂**

ဂျမေကာလက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မက္ကလာရင်အား ၂နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဒါဘီ၊ နယူးကာဆယ်၊ မစ်ဒယ်ဘရော့ စသည့် ကလပ်အသင်းများအပြင်၊ အခြားကလပ်အသင်းများစွာကိုလည်း ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဂျမေကာလက်ရွေးစင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၆၃)နှစ်အရွယ်ရှိ မက္ကလာရင်က ကျွန်တော် ဂျမေကာလက်ရွေးစင် အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကိုယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ဂျမေကာ လက်ရွေးစင်အသင်း အောင်မြင်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## တိုမီနေး၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၃၀ အထိ မန်ချက်စတာယူနိုက်တက်အသင်း အလိုရှိ

**မန်ချက်စတာ ဩဂုတ် ၂**

မန်ချက်စတာအသင်းသည် အသင်း ကွင်းလယ်ကစားသမား တိုမီနေး၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၃၀အထိ အလိုရှိနေသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား တိုမီနေးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၂ ပွဲကစားကာ ၂၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း ၄င်းတို့ အလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းအနေဖြင့် မန်ချက်စတာယူနိုက်တက် အသင်းအလိုရှိသည့် ပြောင်းရွှေ့ကြေးအတိုင်း တိုမီနေးအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(အောက်ပုံ)(NGB)**




## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် – ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃-၈-၂၀၂၄ စနေနေ့ | ညနေ ၄:၀၀ နာရီ (သုဝဏ္ဏကွင်း) | (၅)ရတနာပုံ – ရှိုင်း (၁၁)<br>(D,W,W,L) (L,L,L,D) | ရတနာပုံ ၁-၁ ရှိုင်း<br>ရှိုင်း ၂-၁ ရတနာပုံ |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃-၈-၂၀၂၄ စနေနေ့ | ညနေ ၅:၃၀ နာရီ | စပါး (အင်္ဂလန်) – ဘိုင်ယန်မြူးနစ် (ဂျာမနီ) |
| ။ | ည ၉:၃၀ နာရီ | ရိုးမား (အီတလီ) – အိုလံပီယာကို့စ် (ဂရိ) |
| ၄-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၁:၃၀ နာရီ | ဂျူဗင်တပ် (အီတလီ) – ဘရက် (ပြင်သစ်) |
| ။ | ။ | ဂီတာဖေး (စပိန်) – အက်သလက်တီကို (စပိန်) |
| ။ | နံနက် ၀၄:၀၀ နာရီ | မန်စီးတီး (အင်္ဂလန်) – ချဲလ်ဆီး (အင်္ဂလန်) |
| ။ | နံနက် ၀၅:၃၀ နာရီ | ဘာစီလိုနာ (စပိန်) – ရီးရဲလ်မက်ဒရစ် (စပိန်) |
| ။ | နံနက် ၀၆:၁၅ နာရီ | မန်ယူ (အင်္ဂလန်) – လီဗာပူး (အင်္ဂလန်) |

## ၂၀၂၄ ပါရီ အိုလံပစ်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ(ကွာတားဖိုင်နယ်)ပွဲစဉ်များ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃-၈-၂၀၂၄ စနေနေ့ | ည ၇:၃၀ နာရီ | အမေရိကန် – ဂျပန် |
| ။ | ည ၉:၃၀ နာရီ | စပိန် – ကိုလံဘီယာ |
| ။ | ည ၁၁:၃၀ နာရီ | ကနေဒါ – ဂျာမနီ |
| ၄-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၁:၃၀ နာရီ | ပြင်သစ် – ဘရာဇီး |

# ပြည်တွင်းစားသုံးမှုလျော့ကျနေသောကြောင့် သကြားဈေးတည်ငြိမ်နေ

**မန္တလေး ဩဂုတ် ၂**

ပြည်တွင်းစားသုံးမှုလျော့ကျနေသောကြောင့် သကြားဈေးတည်ငြိမ်နေကြောင်း သကြားနှင့်သကာ ရည်ကုန်စည်ဒိုင်အသင်း မန္တလေးမှသိရသည်။

ဇွန်၊ ဇူလိုင်ကတည်းက ပြည်တွင်းသကြားဈေးတည်ငြိမ်နေရာ ဩဂုတ်၂ရက် မန္တလေးဈေးကွက်တွင် လက်ကားဈေးပေါင်းသကြား တစ်ပိဿာ ငွေကျပ် ၄၆၀၀-၄၇၀၀-၄၈၀၀၊ ခါသကြား တစ်ပိဿာ ငွေကျပ် ၃၈၅၀-၃၉၀၀ ပေါက်ဈေးရှိသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ကြံရာသီအပြီး သကြားတန်ချိန် ၁၀ သိန်းနီးပါးထွက်ရှိခဲ့သောကြောင့် ပြည်တွင်းသကြားဖူလုံမှုရှိကာ နိုင်ငံခြားတင်ပို့နိုင်သည့် အခြေအနေထိရှိနေခြင်း ဖြစ်သည်။

သကြားရာသီအသစ်တွင် ဗီယက်နမ်နိုင်ငံသို့ သကြားတန်ချိန် တစ်သိန်းခန့်တင်ပို့ပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ငွေဈေးမြင့်တက်နေသောကြောင့်လည်း ဆက်လက်တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းသကြားစားသုံးမှုမှာလည်း နယ်ဈေးကွက်များသို့ရောင်းချနိုင်ခြင်းမရှိသောကြောင့် ပြည်တွင်းသကြားဈေးမှာ တည်ငြိမ်လျက်ရှိနေခြင်းဖြစ်ကြောင်း သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောသည်။

''ပြီးခဲ့တဲ့ကြံရာသီမှာ သကြားတန်ချိန် ၁၀ သိန်းနီးပါး ထွက်ရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းသကြားဖူလုံရုံတင်မက နိုင်ငံခြားတင်ပို့ နိုင်တဲ့အခြေအနေ ရှိပါတယ်။ ဧပြီလ ကြံရာသီ နောက်ပိုင်းမှာ ဗီယက်နမ်နိုင်ငံကို တန်ချိန် ၁သိန်းကျော် တင်ပို့ထားပါတယ်။ နောက်ထပ် တင်ပို့နိုင်ဖို့လည်း စီစဉ်နေပါတယ်။ ပြည်တွင်းသကြားစားသုံးမှုကလည်း လျော့ကျနေတော့ သကြားဈေးက တည်ငြိမ်နေပါတယ်''ဟု ၄င်းက ပြောသည်။

ပြည်တွင်းသကြားစားသုံးမှုမှာ ယခင်က တန်ချိန် ၅သိန်းခန့် ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် နယ်ဈေးကွက်များသို့ တင်ပို့နိုင်ခြင်းမရှိသောကြောင့် သကြားဈေးတည်ငြိမ်နေသလို နိုင်ငံခြားသို့ပိုလျှံသကြားများကို ပိုမိုတင်ပို့နိုင်မည် ဖြစ်သည်။

မြန်မာ့သကြားကို ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင် နိုင်ငံများသို့ တင်ပို့နေကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**





# ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမရပူရမြို့၊ အိုးတော်ရပ်ကွက်ရှိ အိုးတော်အခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်ဆောင်ရွက်ပေးခြင်းကို မြို့နယ်လဝကမှူး ဒေါ်သင်းသင်းကြူ ဦးဆောင်သောအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ပြီးအိုးတော်အခြေခံပညာအလယ်တန်းကျောင်းသို့ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်သော ကျောင်းသား ၇၆ ဦး၊ ကျောင်းသူ ၉၂ ဦး စုစုပေါင်း ၁၆၈ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံက သိရသည်။

**(အပေါ်ဝဲပုံ) စိုးသီဟ(အမရ)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်ရှိ တောင်ကြီးပညာရေးဒီဂရီကောလိပ်၌ ဩဂုတ် ၁ ရက်နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကင်းရှင်းရေးကောင်စီမှ ကြီးမှူးကျင်းပသော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၈) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(ရှမ်းတောင်)မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး မိုးကျော်ဟိန်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရန်အချက်များ၊ ယာဉ်မတော်တဆမှုဖြစ်ပွားမှုများတွင် အမှား၊ အမှန် ခွဲခြားခြင်း၊ ရှမ်းပြည်နယ်တစ်ဝန်းတွင်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများ၊ ဒဏ်ရာရသေဆုံးမှုအခြေအနေများနှင့် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေများအား မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးစိုင်းကြည်တင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားများအကြောင်း၊ သတိပေးလမ်းညွှန်များအကြောင်း၊ ယာဉ်မောင်းနှင်မှုအမြန်နှုန်း ကန့်သတ်ချက်များအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမင်းယုအောင်က ယာဉ်တိုက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများအကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ယာဉ်အန္တရာယ်ဖြစ်ပွားပါက ရှေးဦးပြုစုနည်းအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

၄င်းနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး တက်ရောက်လာသူများက သိလိုသမျှ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(၃၆၈)**


# ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

**အမရပူရ ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ ခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလတစ်လအတွင်း ဆရာမများ၏ သင်ကြားမှုများကို ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများနှင့် သင်တန်းသား၊ သင်တန်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး သင်ထောက်ကူပစ္စည်းများ ကြည့်ရှုခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များဖြစ်လာစေရန်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ အမရပူရခရိုင်၊ တံတားဦးခရိုင်တို့မှ သင်တန်းသူ ၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလတစ်လအတွင်း စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ဝဲပုံ) (ဝ၄၅)**



# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## ပန်းခင်းစီမံချက်(၃) နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**မိုင်းနောင် ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပန်းခင်းစီမံချက် အဆင့်(၃) နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျေးသီးမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဖေက လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကို ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ မြေပြင်အရောက် ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော အသက် (၁၀) နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ရခြင်းအကြောင်းများကို ရှင်းလင်းကာ အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံသားစိစစ်ရေးကတ် ၁၂၀ ကတ်အား အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်ဇော်ထွန်း၊ ကျေးသီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးထက်နှင့် မြို့နယ်နှင့် မြို့အဆင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## စာကြည့်တိုက်ပညာသင်တန်း(၂/၂၀၂၄)ဆွေးနွေးပွဲ ကျင်းပ

**ကလေး ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန(Community Centre) တွင် စာကြည့်တိုက်ပညာသင်တန်း(၂/၂၀၂၄)သင်ကြား ဆွေးနွေးပွဲကို ဩဂုတ် ၁ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်နှင့် ဦးစီးအရာရှိများက စာကြည့်တိုက်စီမံခန့်ခွဲမှုလက်စွဲစာအုပ်တွင် ပါဝင်သည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်ပညာသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁ရက်နှင့် ၂ရက်များတွင် နံနက် ၁၀နာရီမှ နေ့လယ် ၁၂နာရီအထိ ဖွင့်လှစ်၍ စာတွေ့၊ လက်တွေ့ဆွေးနွေးသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၅၇)**

## တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်

**ပင်းတယ ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမဆောင်၌ ဓနုဒေသပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်မှ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများအတွက် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဂုဏ်ပြုအမှာစကားပြောကြား၍ အလှူငွေ လှူကြသော ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ ဓနုဒေသ ပင်းတယ၊ ရွာငံမြို့နယ်မှ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများ၊ ခြောက်ဘာသာဂုဏ်ထူးရှင်ကျောင်းသူတစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ငါးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ဟိန်းထက်ဇော်က နှစ်ဘာသာ ဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးရာဇာငြိမ်းချမ်းက ငါးဦးစသည့် နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ဦးအားလည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) ဦးကျော်ကျော်ဦး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးရဲလင်းမောင်၊ ဓနုဒေသပညာရေးမှူး ဦးခင်ဇော်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ ပင်းတယမြို့နယ်ပညာရေးမှူးဒေါ်အေးအေးမော်နှင့် ရွာငံမြို့နယ်ပညာရေးမှူးတို့က တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးအား လည်းကောင်း အစရှိသည့် နှစ်သာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူလေးများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓနုဒေသ၏ အောင်ချက်ရာခိုင်နှုန်းမှာ (၅၃ ဒသမ ၄၄)ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၃၈)**



## စာဖတ်ရှိန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**သရက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပခြင်းကို ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁နာရီက ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် လက်ထောက်ပညာရေး ဦးမြင့်ကျော်က အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပေးခဲ့ပြီး ပြိုင်ပွဲဝင် အထက(၂)နှင့် ထခွဲလ(၃)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အခြေခံပညာကျောင်းများတွင် သတ်မှတ်ထားသောခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အနိုင်ရရှိ၍ ပထမရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ပထမဆုရရှိသည့် အထက(၂) ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ပေးအပ်ရာ ဆုရကျောင်းသား၊ ကျောင်းသူများက လက်ခံပေးခဲ့ပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းဆွေက ဒုတိယရရှိသည့် ထခွဲလ(၃) အသင်းအားပေးအပ်ရာ ဆုရအသင်းက လက်ခံပေးခဲ့သည်။ ဆက်လက်၍ ပွဲစဉ်တစ်လျှောက် အမှတ်အများဆုံးရရှိသည့် ကျောင်းသူတစ်ဦးအား Book Club အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဆုချီးမြှင့်ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝမ်းထွန်းက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**



## စားသုံးဆီအား သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**တပ်ကုန်း ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင် မသာယာနဝေစံ(ကျစ်ကျစ်ကုန်စုံဆိုင်)မှ စားသုံးဆီလိုအပ်သည့် ပြည်သူများကို ဩဂုတ် ၁ရက် နံနက်ပိုင်းက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးခဲ့သည်။

အဆိုပါ ကုန်စုံဆိုင်တွင် လက်လီရောင်းချပိသာချိန် ၁၁၀ နှင့် မြဝတီရပ်ကွက်အတွင်း ၇၀ ပိသာ၊ အောင်ဇေယျရပ်ကွက်အတွင်း ၁၂၀ ပိသာ၊ ဗိုလ်မင်းရောင်ရပ်ကွက်အတွင်း ၆၀ ပိသာ၊ ဆရာစံရပ်ကွက်အတွင်း ၄၀ ပိသာ၊ ဘုရင့်နောင်ရပ်ကွက်အတွင်း ၁၂၀ ပိသာ၊ အနော်ရထာရပ်ကွက်အတွင်း ၁၃၀ ပိသာ၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်း ၈၀ ပိသာ၊ ကံလှကျေးရွာအုပ်စုအတွင်း ၂၀ ပိသာ၊ ကြိုးကြာအင်းကျေးရွာအုပ်စုအတွင်း ၂၀ ပိသာ၊ စုစုပေါင်းပိသာချိန် ၇၇၀ ပိသာကို တစ်ပိသာလျှင် ၅၈၄၅ ကျပ်နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## (BOT)ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသော ကုမ္ပဏီများအား ဖိတ်ခေါ်

**ပြင်ဦးလွင် ဩဂုတ် ၂**

ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် (BOT)ပုံစံတည်ဆောက် လုပ်ငန်းဆောင်ရွက်လွှဲပြောင်းဖြင့် နိုင်ငံတကာအဆင့်မီပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုများဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံလိုသူများ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၄)သို့ ၂၀၂၄ခုနှစ် စက်တင်ဘာ ၂ ရက်နောက်ဆုံးထား အဆိုပြုလျှောက်ထားနိုင်ကြောင်း ပြင်ဦးလွင်မြို့ ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်ရန် အကောင်အထည်ဖော်ရေးကော်မတီက ဖိတ်ခေါ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၅)**



# ကာယဖွံ့ဖြိုး ဉာဏ်ရည်တိုး၍ ဆုံးဖြတ်ချက်မှန်ကန်လျင်မြန်စေနိုင်မည့် ဝူရှူးအားကစား

**မန္တလေးတွင် ၁၉၉၃ ခုနှစ်က ဝူရှူးအသင်းတည်ထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဝူရှူးအသင်းချုပ် ဖြစ်တည်လာခဲ့သည်။ ထိုနှစ်မှစ၍ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲတစ်ရပ်အဖြစ် ထည့်သွင်းယှဉ်ပြိုင်ခဲ့သည်။ 'ဝူ' ဆိုသည်မှာ တိုက်ခိုက်ရေး 'ရှု' ဆိုသည်မှာ အတတ်ပညာဟု အဓိပ္ပာယ်ရပြီး ဝူရှု(ဝူရှူး)သည် တိုက်ခိုက်ရေးအတတ်ပညာဟု ဆိုပါသည်။**

မန္တလေးတိုင်းဒေသကြီး၊ ဝူရှူးဆပ်ကော်မတီတွင် နည်းပြချုပ်နှင့် ဆပ်ကော်မတီအတွင်းရေးမှူးအဖြစ် ဆရာဦးကျော်အေးက တာဝန်ယူဆောင်ရွက်နေပြီး ဝူရှူးအားကစားဖြင့် မန္တလေးတိုင်းဒေသကြီးအတွက် ဆုတံဆိပ်များ၊ တံခွန်စိုက်ဒိုင်းဆုများစွာ ရယူပေးခဲ့ပြီး မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ မွေးထုတ်ပေးခဲ့သည်။ ဆရာဦးကျော်အေးသည် မြန်မာ့ရိုးရာသိုင်းပညာ၊ ရိုးရာလက်ဝှေ့၊ ထိုက်ကျိရှောင်လင်နှင့် ဝူရှူးအားကစားတွင် ကျွမ်းကျင်တတ်မြောက်သူ ဖြစ်သည်။

"၁၉၈၇ ခုနှစ်လောက်ကတည်းက ရွှေလက်သီးရိုးရာလက်ဝှေ့မှာ နည်းပြလုပ်ခဲ့တယ်။ မြနန္ဒာ၊ မြစည်တော်၊ အောင်အောင်ထွန်း၊ အောင်စနေ အကုန်လုံးက ကျွန်တော်သင်ကြားလေ့ကျင့်ပေးခဲ့တဲ့သူတွေပါ။ မြစည်တော်ဆိုရင် ဩစတြေးလျမှာ ရွှေခါးပတ်ရခဲ့တယ်။ မြနန္ဒာ၊ မြကျည်ဆံ၊ မြစနေ၊ အောင်အောင်ထွန်းတို့ဆိုရင်လည်း နာမည်တစ်လုံးနဲ့ ကျော်ကြားခဲ့တယ်။ ကျွန်တော်က ဝူရှူးကို ဘာကြောင့်ရွေးချယ်တာလည်းဆိုရင် ကလေးတွေက သင်ကြားရတာလွယ်ပြီး ပြုစုပျိုးထောင်နိုင်တဲ့ အားကစားနည်းဖြစ်လို့ပါ။ ဝူရှူးက ကြီးမှကစားရင် အဆင်မပြေဘူး" ဟု ဆရာ ဦးကျော်အေးက ပြောသည်။

### ဝူရှူးအားကစားနည်း ဇာတိ

တရုတ်ပြည်တွင် တိုက်ခိုက်ရေးအတတ်ပညာမပေါ်ပေါက်မီအချိန်က အိန္ဒိယနိုင်ငံမှ တာမိုဟုခေါ်သောဗောဓိမွှသည် သာသနာပြုသူအနေဖြင့် တရုတ်ပြည်၊ ရှောင်လင်ကျောင်း ရောက်လာခဲ့သည်။ ထိုရှောင်လင်ကျောင်းရှိ ဘုန်းတော်ကြီးများ ငိုက်မျည်းနေသည်ကို တွေ့မြင်ရသဖြင့် ကိုယ်လက်ပေါ့ပါး လန်းဆန်းစေသည့် လေ့ကျင့်ခန်းများကို သင်ကြားပေးလေသည်။ ထိုလေ့ကျင့်ခန်းများမှတဆင့် တိုက်ခိုက်ရေး အတတ်ပညာပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။

"ရှောင်လင်ကျောင်းတွေက တောတောင်အတွင်းမှာဆိုတော့ သူတို့လေ့ကျင့်ခန်းတွေနဲ့ တိရစ္ဆာန်တွေရဲ့ သွားလာလှုပ်ရှားမှုတွေကို ပေါင်းစပ်လိုက်တဲ့အခါ "ဝူရှူး"ဆိုတာ ပေါ်ပေါက်လာတယ်။ အဲဒီတုန်းကတော့ ဝူရှူးက ရှောင်လင်တိုက်ခိုက်ရေးအတတ်ပညာပေါ့။ အဲဒီကနေ နန်းတွင်းရဲ့တိုက်ခိုက်ရေးအတတ်ပညာ ဖြစ်လာတယ်။ နောက်ပိုင်းခေတ်တွေမှာ ဝူရှူးကို အားကစား နည်းအဖြစ် အသွင်ပြောင်းပြီး အမျိုးသားအားကစားအသွင်ပြောင်း လာခဲ့တာပါ။ ဝူရှူးမှာ ထောက်လုနဲ့ ဆန်းစုဆိုပြီး ၂ မျိုး ရှိတယ်။ ထောက်လုဆိုတာက သရုပ်ပြကစားခြင်းဖြစ်ပြီး လက်သုံးမျိုးပါတယ်။ လက်နက်ပိုင်းမှာ ၇ မျိုးရှိပြီး အနိမ့်ဆုံးအဆင့် ၁၀ မျိုးရှိတယ်။ အဲဒါအားလုံးက အလှပြကစားတယ်" ဟု ဆရာဦးကျော်အေးက ရှင်းပြသည်။

### ဝူရှူးကစားနည်းအမျိုးအစား

ဝူရှူးကစားနည်းတွင် ဆန်းစိုနှင့် ထောက်လုဟူ၍ ရှိသည်။ ဆန်းစိုမှာ လက်သီးထိုးခြင်း၊ ခြေကန်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ကိုင်ပေါက်ခြင်း၊ နပန်းနည်းစနစ်များ၊ လက်သီးထိုးခြင်းများ ပါဝင်ပြီး Level Weight အလိုက် နှစ်ဦးယှဉ်ပြိုင်ခြင်း ဖြစ်သည်။ ၄င်းကစားနည်းကို ၂ ပေအမြင့်နှင့် ၈ မီတာ ပတ်လည်ရှိ စင်ပေါ်တွင် ကစားရသည်။ လက်ဝှေ့ကစားနည်းကဲ့သို့ ကြိုးဝိုင်းမပါဝင်ဘဲ စင်ပေါ်မှ သုံးကြိမ်လဲကျလျှင် လက်သီးထိုးခြင်း၊ ခြေကန်ခြင်း စသည်တို့ ကောင်းမွန်ပါစေ လဲကျသူက အရှုံးဖြစ်သည်။

ထောက်လုကစားနည်း၌ လက်ပိုင်းတွင် ချန်းချွမ်၊ နန်းချွမ်နှင့် တိုက်ကျိချွမ် သုံးမျိုးခွဲထားသည်။ ချမ်းချွမ်ကစားနည်းမှာ တရုတ်ပြည်မြောက်ပိုင်း ကစားနည်းဖြစ်သည်။ မျောက်တစ်ကောင်ကဲ့သို့ ခုန်ပျံနိုင်မှု၊ သမင်တစ်ကောင်ကဲ့သို့ လျင်မြန်ဖျတ်လပ်မှုရှိရန်လို၍ အဓိကအားဖြင့် ခွန်အားထက် လွဲအားနှင့် ဆန့်အားကို ရယူကစားခြင်း ဖြစ်သည်။ လက်သီးအသုံးပြုရာ၌ လက်သီးအရှည်ကို သုံးရသည်။

နန်းချွမ်ကစားနည်းသည် တရုတ်ပြည်တောင်ပိုင်း ကစားနည်းပုံစံဖြစ်သည်။ လက်သီးအတိုကို သုံးပြီး ခြင်္သေ့တစ်ကောင်ကဲ့သို့ ခွန်အားစိုက်ထုတ်ကစားရပြီး ကရာတေးကစားနည်းနှင့်တူသည်။ နန်းချွမ်လက်၊ နမ်းချွမ်ဓား၊ နန်းချွမ်တုတ် ဟူ၍ သုံးမျိုးရှိသည်။ ချန်းချွမ်တွင် လက်နက်အတိုနှင့် ကစားနည်း၊ "သောင်း"ဟုခေါ်သော ဓားမောက်နှင့် ကစားနည်းပါဝင်၍ ထိုက်ကျိချွမ်မှာ စိတ်နှင့် ရုပ်ကို ပေါင်းစပ်၍ ပျော့ပျော့ပျောင်းပျောင်းနှင့် ခွန်အားမသုံးသော ကစားနည်းဟု ဆိုပါသည်။

"ထိုက်ကျိတွင်လည်း ထိုက်ကျိနှင့် ထိုက်ကျိကျင့်ဆိုပြီး ၂ မျိုးရှိတယ်။ ခုနောက်ပိုင်းမှာ ထိုက်ကျိယပ်တောင်ဆိုပြီး ပေါ်လာပေါက်လာရာ ၃ မျိုး ရှိသွားတယ်။ နိုင်ငံတကာမှာ ထိုက်ကျိယပ်တောင်ပြိုင်ပွဲရှိပေမယ့် မြန်မာနိုင်ငံမှာ ပြိုင်ပွဲမလုပ်သေးဘူး။ အဲဒီမှာပေါ်လာတာက တွေ့လုံ့လို့ခေါ်တဲ့ "တွဲတိုက်"ကစားတာပါ။ ယှဉ်ပြိုင်သူနှစ်ယောက်က လက်လက်ချင်း၊ လက်နဲ့ ဓား၊ လှံနဲ့ ဒါးယှဉ်ပြိုင်တယ်။ ဒါတွေက ကိုယ့်နည်းကိုယ့်ဟန်နဲ့ လေ့ကျင့်ယှဉ်ပြိုင်ရတာဖြစ်ပြီး မိမိကျွမ်းကျင်ရာစိတ်ကြိုက်ယှဉ်ပြိုင်လို့ ရတယ်" ဟု ၄င်းက ရှင်းပြသည်။

### ပညာစုံသူ ဆရာ ဦးကျော်အေး

ဆရာဦးကျော်အေးသည် ငယ်စဉ်က သိုင်းဟုဆိုသည့် တိုက်ခိုက်ရေးကစားနည်းကို ဝါသနာမပါခဲ့ဟု သိရသည်။ သူနေသည့် ရပ်ကွက်သည် ပြည်ကျော်ဈေးအနောက်ဘက် ကိုးလုံးတကာဘုရားအနီးနေထိုင်ခဲ့ရာ ရပ်ကွက်လူငယ်များက နွေကျောင်းပိတ်ရက်တွင် ပညာတံခွန်သိုင်းသင်တန်းမှ ဆရာဦးသန်းအေးထံ သင်ယူကြသည်။ ဆရာဦးကျော်အေးသည် မြန်မာ့ရိုးရာသိုင်းပညာ၊ ရိုးရာလက်ဝှေ့၊ ထိုက်ကျိ ရှောင်လင်နှင့် ဝူရှူးအားကစားတို့တွင် ကျွမ်းကျင်သူဖြစ်သည်နှင့်အညီ မန္တလေးမြို့၊ ဗထူးအားကစားခန်းမတွင် လူငယ်များအားသူတတ်ကျွမ်းသည့်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက် ရှိပါသည်။

"နွေရာသီ ကျောင်းပိတ်တော့ သင်္ဂဇာချောင်းဘေးမှာရှိတဲ့ ပညာတံခွန်သိုင်း သင်တန်းမှာ မြန်မာ့သိုင်းသင်ခဲ့ပြီး ကိုးလုံးတကာဘုရားထဲမှာ မြန်မာ့သိုင်းကို နှစ်ပေါင်းများစွာ ပြန်လည်သင်ကြားပေးခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ မြစ်ကြီးနားက ဆရာဦးအောင်မြင့်ထံမှာ သင်ယူခဲ့တဲ့ ပညာနဲ့ ထိုက်ကျိရှောင်လင် သင်တန်းဖွင့်တယ်။ ၁၉၈၉ မှာ သင်တန်းပိတ်လိုက်ရတော့ ဘာလုပ်ရမှန်း မသိချိန်မှာ ရွှေလက်သီး ရိုးရာလက်ဝှေ့က ခေါ်လို့ အဲဒီမှာ နည်းပြလုပ်ခဲ့တယ်။ ခုတော့ ဝူရှူးဆပ်ကော်မတီမှာ နည်းပြချုပ်နဲ့ အတွင်းရေးမှူး တာဝန်ဆောင်ရွက်ပြီး ဝူရှူးအားကစားသမားတွေကို သင်ကြားလေ့ကျင့်ပေးနေပါတယ်" ဟု အသက် ၆၈ နှစ်အရွယ်ရှိ ဆရာဦးကျော်အေးက သူ၏နောက်ကြောင်းကို ပြန်ပြောင်းပြောပြသည်။

ဝူရှူးကစားနည်းနှင့် ကျွမ်းဘားကစားနည်းတို့သည် ပျော့ပျောင်းမှု၊ လျင်မြန်ဖျတ်လတ်မှုနှင့် ကြံ့ခိုင်ရန်လိုအပ်ခြင်းကြောင့် ၅ နှစ်ကလေးအရွယ်ကတည်းက လေ့ကျင့်သင်ကြားဖို့ လိုအပ်သည်။ သို့ဖြစ်၍ ဝူရှူးကစားနည်းသည် ကလေးလူငယ်များအား စိတ်ပိုင်း၊ ရုပ်ပိုင်းမြှင့်တင်ပေးခြင်းကြောင့် မိဘများအနေဖြင့် မိမိတို့ ရင်သွေးများအား ကာယဖွံ့ဖြိုး ဉာဏ်ရည်တိုး၍ ဆုံးဖြတ်ချက်မှန်ကန်မြန်ဆန်စေရန် လေ့ကျင့်ပေးသည့် ဝူရှူးအားကစားကို သင်ကြားလေ့ကျင့်ပေးသင့်သည်ဟု ဆိုချင်ပါတော့သည်။

**ခိုင်ဆက်ဝေ**







# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအသိပညာပေး၊ ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်း အရာသန်းခေါင် စာရင်းကောက် ယူရေလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အဆိုပါမြို့နယ် ရှိ ချမ်းမြသာယာရပ်ကွက်၊ ကွဲဆည်ကန် ၉လမ်း၊ ကံမွေရာဇ် ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်သန်း ခေါင်စာရင်းကော်မတီအတွင်း ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင် က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့ အစည်းမေးခွန်းများအား အကျယ် တဝင့် အသိပညာပေးဟောပြော ပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်း ရေးမှူးက ပြန်လည်ဖြေကြားခဲ့ သည်။ (ဝဲပုံ)



ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင် လို့ သန်းခေါင်စာရင်းကောက်ကြ စို့ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို သန်း ခေါင်စာရင်းကော်မတီဝင်များ က တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့် ဝေပေးခဲ့ကြောင်း သိရသည်။

(ဝ၅၃)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဥပုသ်နေ့

* အရဏ်ကျင်း နံနက်ခင်း
တရားဓမ္မ အသံသာလို့လင်း
ကျက်သရေဖြိုး
ကုသိုလ်တိုးပွားစေတာအမှန်
ရွာဦးကျောင်းက
ဆွမ်းချက်ဖို့ တုံးမောင်းခေါက်ပြန် ။

* ရောင်ခြည်ဖြာ မနက်ခင်း
တရားနာကြဖို့ နှိုးဆော်ရင်း
သီလ၊ ဘာဝနာ
စောင့်ထိန်း ပွားများရာ
ဓမ္မာရုံဆီသို့---
သွားကြစို့ ။ ။

လှပြာထက်

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**မိုင်းတုံ ဩဂုတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့ ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် စာဖတ်ရှိန်မြှင့် တင်ရေး နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်း ပေးခြင်းကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီက ဌာနဆိုင်ရာ ရုံးများသို့ ကွင်းဆင်းဆောင်ရွက် ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင် ရွက်ပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်သွယ် ဦးဆောင်၍ ဝန်ထမ်းများက သုတ၊ ရသစာအုပ်ပေါင်း (၉၅) အုပ်ကို သယ်ဆောင်၍ မိုင်းတုံ မြို့နယ် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနရှိ စာဖတ်ပရိသတ် များထံမှ ယခင်ငှားရမ်းထား သော စာအုပ်၊ စာစောင်များ အပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှား ရမ်းပေးခြင်းတို့ကို အခမဲ့ဆောင် ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မိုင်းတုံ မြို့နယ်ရုံးအနေဖြင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာ ရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့်အလေ့အထများရရှိ စေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက် ငှားရမ်းဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေ စွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည် ရွယ်၍ ကွင်းဆင်းဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)



မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



# အိမ်တွင်းမှုသက်မွေးလုပ်ငန်း အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ရှောင် ဩဂုတ် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့ အိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်ကျောင်းမှ အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်း ကျင်လုပ်သားများဖြစ်လာပြီး မိမိကိုယ်တိုင်ရပ်တည်နေထိုင်ကာ အမျိုးသား၊ အမျိုသမီးများ မိသားစုအိမ်တွင်း တစ်နိုင်စီးပွား ပြုနိုင်ရန်ရည်ရွယ်ပြီး အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီ က ရွာငံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လူမှုဝန် ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုး၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် မိုးဖြူတို့က အမျိုးသမီးများရဲ့ အသက်မွေးဝမ်းကျောင်းမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင် အထည်ဖော်ဆောင်ရွက်မှုများ၊ ဒေသတွင်းအမျိုးသမီးများအနေ ဖြင့် စက်ချုပ်သင်တန်း၊ ပန်း အလှပြင်သင်တန်း၊ မုန့်မျိုးစုံ သင်တန်း၊ ပလတ်စတစ်ကြိုးခြင်း ရက်နည်းသင်တန်း၊ ရစ်ပန်းထိုး အစရှိသည့် သင်တန်းများကို နှစ်စဉ် သင်တန်းသူ ၁၀၀ကို အိမ်တွင်းမှုဘာသာရပ် ၁၁ မျိုး ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက် ရှိသောကြောင့် မိသားစုအပိုဝင် ငွေတိုးရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့ နောက် သင်တန်းဆင်းလက်မှတ် များကို တာဝန်ရှိသူများက ပေး အပ်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က သင်တန်းတွင် ထူးချွန်ဆုရရှိ သည့် သင်တန်းသူအား အပ် ချုပ်စက်တစ်လုံး ပေးအပ်ချီးမြှင့် ခဲ့သည်။



သင်တန်းတွင် အခြေခံသင် တန်းမှစ၍ အဆင့်မြင့်သင်တန်း၊ အထူးသင်တန်း၊ ဒီဇိုင်းပညာ သင်တန်း စသည့်လုပ်ငန်းစဉ် များနှင့် ကျွမ်းကျင်အဆင့်အထိ တက်ရောက်နိုင်ပြီး အဆင့်မြင့် သင်တန်းတွင် ထဘီခွဲဒေါက်၊ ချိတ်ထဘီ၊ လေးလွှာ၊ ခေါင်း ဆောင်းအပေါ်ထပ်အင်္ကျီ၊ ရင် ဖြတ်ဆက်အင်္ကျီ၊ ရှမ်းရင်ဖုံး အင်္ကျီ၊ ကုတ်ကော်လာအပေါ် ထပ်အင်္ကျီ ပြန်လည်လေ့ကျင့် သင်ကြားခြင်း(ကြိုက်နှစ်သက် ရာ)ဘာသာရပ်များကို သင်တန်း သား ၂၀ ဦးဖြင့် စာတွေ့လက် တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရ သည်။ (ဝဲပုံ)(ဝ၃၈)

## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ပြည်သူများ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုနိုင်စေရေး၊ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုပြီးရရှိသည့် အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေစေနိုင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်အုပ်စု၊ ပေါက်တောကျေးရွာ၊ မြတ်ဆုမွန်စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ဝမ်းလျှောရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀နာရီက ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ လုပ်သားရွာ၊ ဓမ္မာရုံတွင် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### တောင်သူများအား ဆီပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဆီပဲပုပ်မျိုးစေ့ပေးအပ်ခြင်းကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။ တောင်သူများအား တစ်ဧကလျှင် ၄ ပြည်နှုန်းဖြင့် ၁၈၀ ဧကအတွက် ဆီပဲပုပ်မျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်တွင် မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၄ ခုနှစ်၊ မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက တပ်နယ်အားကစားကွင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံအကျဉ်းထောင်၌ အကျဉ်းသား၊ အကျဉ်းသူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသားများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စားသုံးသူပြည်သူများ သက်သာစွာစားသုံးနိုင်ရေးအတွက် မြို့သစ်မြို့၊ မြို့မဈေးအတွင်း(အမဲသား၊ ဝက်သား၊ ဆိတ်သား) အသားများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**သရက် ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးမှူးကျင်းပမှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းသည့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက သရက်မြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ နမောတဿသုံးကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြခဲတောင် ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ငါးပါးသီလခံယူဆောင်တည်ပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားရွတ်ပွားချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားပေးခဲ့ပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ နွေရာသီ၊ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ပို့ချမှုနှင့်ပတ်သက်၍ ငွေပဒေသာပင် ငွေကျပ် သိန်း ၃၀ အား ဆက်ကပ်လှူဒါန်းပေးခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြခဲတောင် ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုငွေကျပ် ၆၃ သိန်းအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ကဆ)**

## သာသနာဟိတ စတုပစ္စယ ဆွမ်းလောင်းအသင်း ဆွမ်းဆန်တော် အလှူခံဆောင်ရွက်



**ရေနံချောင်း ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့ သာသနဟိတစတုပစ္စယ(ရိုးမ) နေ့စဉ်ဆွမ်းလောင်းအသင်းကြီး၏ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်အလှူခံခြင်းကို ယမန်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ရေနံချောင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ဆရာတော် ၃၅ပါးနှင့် ဆွမ်းလောင်းအသင်းကြီး ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ဝေယျာဝစ္စအကျိုးတော်ဆောင်များမှ ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၁ရက်အထိ လေးရက် တိုင်တိုင် ဆွမ်းဆန်တော်အလှူခံ ကြွတော်မူကြသည်။ **(ဝဲပုံ)**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ သာသနာဟိတစတုပစ္စယ(ရိုးမ)၊ နေ့စဉ်ဆွမ်းလောင်းအသင်းကြီးကို ၁၂၇၆ခုနှစ်တွင် တည်ထောင်ခဲ့ရာ ယခုသက်တမ်းနှစ်ပေါင်း ၁၀၀ကျော် ကြာပြီဖြစ်ကြောင်း သိရသည်။ **(ကဆ)**

## ကျန်းမာရေးငွေပဒေသာပင်လှူဒါန်း

**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ ဩဂုတ် ၁ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇ လမ်းကြားနေ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့် ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၀ သိန်း၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားနေ ဒေါက်တာထွန်းဦး+ဒေါ်မြမြသိန်း(ပန်းနဂါးဖိနပ်ဆိုင်) မိသားစုက ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်ခင်ဌေးအား ရည်စူး၍ ချမ်းမြသာစည်မြို့နယ် ၈/၆ အမှတ်(၇)နေ ကျန်ရစ်သူမိသားစုက ဘက်စုံသုံးရန် ငွေကျပ် သုံးဆယ့်သုံးသိန်း၊ ငါးသောင်းငါးထောင်တို့ကို လှူဒါန်းရာ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့) ကိုယ်စားလှူဒါန်းလိုပါက မြန်မာစီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် 04130404101481201 သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉၃၆၀၀၂၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**





## ဟေ့ထိုက်သိမ်တော်အတွက် အလှူငွေများ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၂**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၊ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသရှိ သာသနာပြုကျောင်းများသို့ ရပ်ဝေး ရပ်နီးမှ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်ရှိ ဟေ့ထိုက်သိမ်တော်အတွက် (ပထမ)အကြိမ်အဖြစ် မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးရွှန်းမြိုင်အား ရည်စူး၍ ဒေါ်မြမြ သားမြေးတစ်စုက ငွေကျပ် ငါးသိန်း၊ တစ်ဖန် မန္တလေး၊ နန်းဦးလွင်ရပ်နေ ၄င်း၏သားမြေးများက ဒေါ်လှလှ (၃)နှစ်ပြည့်နှင့် ဦးကျော်သူရတို့အား ရည်စူး၍ ကျန်မိသားစုက ငွေကျပ် ငါးသိန်းကို ယမန်နေ့က ပေးအပ်လှူဒါန်းကုသိုလ်ပြုကြရာ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မြက လက်ခံရယူပြီး ဆရာတော် ဘဒ္ဒန္တ ပညာသီရိထံမှ ရေစက်ချတရားကို ခံယူဆောက်တည်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ကဆ)**

# စကားများ

**စကားသုံးခွန်း**

**(၁) မမှန်ဘူး အကျိုးမရှိဘူး**
**ပြောဖို့ မကြိုးစားပါနဲ့။**

**(၂) အကျိုးရှိတယ် မမှန်ဘူး**
**မပြောနဲ့ဦး။**

**(၃) မှန်တယ် အကျိုးရှိတယ်**
**အချိန်ကာလ ကြည့်ပြီး ပြောပါ။**
**အဲဒါ အပြစ်ကင်းတဲ့ ပြဿနာကင်းတဲ့**
**'အကျင့်'လို့ ခေါ်တယ်။**

**(ပါဠိလို သမ္မာပဋိပဒါ အရဏအကျင့်)**

**ပါမောက္ခချုပ် ဆရာတော် အရှင်နန္ဒမာလာဘိဝံသ**

လူတိုင်းအမှန်တရားကို ချစ်မြတ်နိုးကြပါသည်။ သို့သော် လူ့သဘော၊ လူ့သဘာဝအရ မိမိအပေါ်တွင်သာ အမှန်တရားကို ပြောဆိုကျင့်ကြံမှု ခံယူလိုကြသော်လည်း မိမိက သူတစ်ပါးအပေါ်တွင် အမှန်တရားဖြင့် ပြောဆိုကျင့်ကြံပြုမူရန် တုံ့ဆိုင်းနှောင့်နှေး ဝန်လေးတတ်ကြပါသည်။

ဘယ်ခေတ် ဘယ်ကာလဖြစ်ဖြစ် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်ပြီး အမှန်တရားနဲ့ အမှန်စကားကို ပြောဆိုသော အကျင့်ကောင်း၊ သူများသည် မထင်မရှားဖြစ်နေတတ်ပါသည်။ အမှန်တကယ် အလုပ်မလုပ်ဘဲ လူရှေ့သူရှေ့တွင် အာဘောင်အာရင်း သန်သန် အာဝရှန်းရွှင်ရွှင် စကားပြောဆိုတတ်ကြသူများသည်သာ လူတွင်ကျယ်လုပ်ကာ ထင်ပေါ်နေတတ်ကြပါသည်။

ပါးစပ်က လွှမ်းလောက်အောင် အလွှမ်းသယ်ပြီး ပြောသောစကားများသည် ပါးစပ်မှထွက်သွားသည်နှင့် မေ့ပျောက်တတ်သူတို့၏ စကားများကို လူအများက မယုံကြည်ကြပါ။

ပါးစပ်က အပြောထက် ပြောသလို အလုပ်ကို လက်တွေ့ကျကျလုပ်ပြမှသာ လူအများကယုံကြည်မှု ရှိကြပါမည်။

မြန်မာ့လူမှုဝန်းကျင်တွင် ပြောဆိုသုံးစွဲကြသည့် မြန်မာဝေါဟာရ စကားလုံးများစွာ ရှိပါသည်။ ရိုသေမှု၊ လေးစားမှု၊ ကိုင်းရှိုင်းမှု၊ နားလည်မှု၊ ဖော်ရွေမှု၊ ပျူငှာမှု၊ စာနာမှု၊ ညှာတာမှု၊ ထောက်ထားမှု၊ သနားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ အလိုက်သိမှု စသည်တို့သည် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ဖြူစင်မြင့်မြတ်သော ရိုးသားဖြောင့်မတ်သော စိတ်၏ သယံဇာတများ ဖြစ်ကြပါသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် ဂါရဝမင်္ဂလာတရား(ရိုသေမှု)ကို ပြောဆိုပြုမူကျင့်သုံးလျှင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ယဉ်ကျေးသိမ်မွေ့ရုံမျှမက စိတ်ယဉ်ကျေးသိမ်မွေ့မှု၊ နူးညံ့ရည်မွန်မှုများရှိကြောင်း ဖော်ပြနေပါသည်။

နေ့တိုင်းခုတ်ပါလျက် မပြတ်တာက 'ဓား' နေ့တိုင်းစားပါလျက် မဝတာက 'အစား'၊ နေ့တိုင်းပြောပါလျက် မတတ်တာက 'စကား'ဖြစ်ပါသည်။ 'စားပါ'ဆိုသည့် စကားကို 'သုံးဆောင်ပါ''လာပါ'ဆိုသည့်စကားကို 'ကြွပါ'၊ 'ပြောပါ'ဆိုသည့် စကားကို 'အမိန့်ရှိပါ'၊ 'ပေးပါ'ဆိုသည့်စကားကို 'ချီးမြှင့်ပါ' 'ပြန်ပါဦးမယ်'ဆိုသည့် စကားကို 'ခွင့်ပြုပါဦး'ဟူ၍ ပြောင်းလဲခေါ်ဝေါ် သုံးနှုန်းကြပါသည်။

ညင်သာသော စကားတစ်ခွန်းသည် ဒေါသကို ဝေးရာသို့ ရှောင်ရှားစေ၏။ နာလိုခံခက် စကားများကမူ ဒေါသကို ပွားများစေ၏။ ဒေါသအမျက်ထွက်ရန် နှေးကွေးသောသူသည် စိတ်နေစိတ်ထားပြည့်ဝသူ နားလည်မှုကြီးသူ ဖြစ်၏။ သို့သော် စိတ်မြန်လွန်းသောသူသည် မိုက်မဲမှုကို ဖော်ဆောင်၏။

ပစ္စုပ္ပန် သံသရာအကျိုးကို လမ်းညွှန်ပြသော မြတ်ဗုဒ္ဓ၏ တရားဓမ္မများ၊ ဆရာတော်များ၏ အဆုံးအမ ဩဝါဒအဆီအနှစ်များ၊ မြန်မာပညာရှိများ၏ အဆိုအမိန့်ဆိုရိုးစကားများသည် တန်ဖိုးရှိသော လူများဖြစ်အောင် ဟောကြား၊ ပြောဆို၊ ရေးသားထားကြပါသည်။ အလေးအနက်ထားကာ လိုက်နာမှတ်သား နာယူကျင့်သုံးကြရပါမည်။ လောကမှာ လူနဲ့လူချင်း ပေါင်းသင်းဆက်ဆံပြောဆိုကြရာတွင် မှတ်သားလိုက်နာဖွယ်ရာ စကားပြောနည်း ဆယ်မျိုးရှိပါသည်။

**ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး**
**ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခပ်**
**ဆီပွတ်ကျည်ပွေ့၊ ဆင်ဇော့ရန်ရှောင်**
**တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်**
**ရေစစ်တရား၊ ခတ်တင်မောင်းနှင်း**

ဟူသော စကားများဖြစ်ပါသည်။

ထိုနည်းတူ စကားပဒေသာ ဆုံးမစာများလည်း ရှိပါသည်။

၁။ စကားရိုင်းပျ သင်မဟနှင့်
၂။ စကားဖွလျှင် သင်မဝင်နှင့်
၃။ စကားလျှင်စော သင်မပြောနှင့်
၄။ စကားပြောကောင်း သင်မပြောင်းနှင့်
၅။ စကားကောင်းမှန် သင်မလှန်နှင့်
၆။ စကားရန်ပွဲ သင်မန္တဲနှင့်
၇။ စကားဆဲဆို သင်မလိုနှင့်
၈။ စကားပိုပြော သင်မရောနှင့်
၉။ စကားကောလာ သင်မပါနှင့်
၁၀။ စကားဝါကြွား သင်မကြွားနှင့်
၁၁။ စကားမှားလင့် သင်မလွှင့်နှင့်
၁၂။ စကားသင့်မြတ် သင်မကတ်နှင့်
၁၃။ စကားဇာတ်စုံ သင်မယုံနှင့်
၁၄။ စကားစုံကျွမ်း သင်မဖြန်းနှင့်
၁၅။ စကားရမ်းတုတ် သင်မလုပ်နှင့်
၁၆။ စကားဟုတ်လျှင် သင်မငြင်းနှင့်
၁၇။ စကားဖျင်းကို သင်မဆိုနှင့်
၁၈။ စကားလိုလိုက် သင်မကြိုက်နှင့်
၁၉။ စကားမိုက်ရိုင်း သင်မတိုင်းနှင့်

**(အရှင်နရိန္ဒမော်လမြိုင်)**

စကားအရာ အင်္ဂါလေးတန် ရှိပါသည်။

၁။ သုဘာသိတဝါစာ = သူတစ်ပါးတို့အား ညှင်းဆဲနှိပ်စက်ပူပန်နစ်နာစေခြင်း မရှိသော စကား
၂။ ပိယဝါစာ = ကြားရသူတို့ကျေနပ်နှစ်သိမ့်၍ ချစ်ခင်စေတတ်သောစကား
၃။ သစ္စာဝါစာ = ဟုတ်မှန်သောစကား
၄။ ဓမ္မဝါစာ = ဘေးဒုက္ခကင်း၍ နိဗ္ဗာန်ချမ်းသာ ရောက်ကြောင်း တရားနှင့်သင့်မြတ်သောစကား

စကားအင်္ဂါဆိုသည်မှာ စကား၏အနက် စကားကိုတန်ဆာဆင်ခြင်း လူအများစိတ်ဝင်စားအောင် ပြောခြင်းဖြစ်သည်။

လူမှုရေးနယ်ပယ် စီးပွားရေးလောကမှာ လူတစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံကြရာတွင် ရိုးသားမှု ရှိဖို့လိုပါသည်။ ရိုးသားမှန်ကန်သောစကားကို ပြောဆိုကြရပါမည်။ ဆိုလိုသည်မှာ မုသားစကားကို မပြောဆိုကြရပါ မုသာဝါဒကို ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။ မုသာဝါဒရှောင်ကြဉ်ခြင်း အကျိုး (၇)ပါး ရှိပါသည်။ ထိုမုသာဝါဒရှောင်ကြဉ်ခြင်း အကျိုး(၇)ပါးမှာ

၁။ သန့်ရှင်းသော အိန္ဒြေနှင့် ပြည့်စုံခြင်း
၂။ ကိုယ်သဏ္ဌာန်လှပခြင်း
၃။ ကောင်းသောအသွေးရှိခြင်း
၄။ ကြာညိုအနံ့မွှေးခြင်း
၅။ ဩဇာတိက္ကမရှိခြင်း
၆။ လူခပ်သိမ်းကြည်ညိုခြင်း
၇။ ကြာညိုပွင့်ကဲ့သို့ မျက်နှာရွှင်ခြင်းတို့ ဖြစ်ပါသည်။

အချို့သောလူများသည် ပိယဝါစာ ချစ်ဖွယ်သော စကားများကို ချိုသာစွာပြောဆိုတတ်ကြသော်လည်း ယုံကြည်စိတ်ချရာအကြောင်း မရှိပါ။ သူ၏လျှာဖျား၌ သကာပျားတွေ လူးထားသော်လည်း သူ၏စိတ်နှလုံး၌ သေစေတတ်သည့် အဆိပ်များတည်ရှိနေတတ်ပါသည်။ အရာရာတိုင်းမှာ အသိတရားနှင့် သတိထားကာ ပြောဆိုနေထိုင်ကြရပါမည်။ စကားအရာအင်္ဂါ ၁၀ပါးလည်း ရှိပါသည်။

၁။ ပြောချိန်တန်မှ ပြောခွင့်သင့်မှ ပြောဆိုခြင်း
၂။ မှန်ကန်သောစကားကို ပြောဆိုခြင်း
၃။ တရားမျှတသည့်စကားကို ပြောဆိုခြင်း
၄။ အကျိုးနှင့်ဆက်စပ်သည့်စကားကို ပြောဆိုခြင်း
၅။ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း
၆။ ပြုံးရွှင်သောစကားကို ပြောဆိုခြင်း
၇။ မပိုမလွန်ချင့်ချိန်၍ ပြောဆိုခြင်း
၈။ အမောတကောအစောတလျင် မပြောဆိုခြင်း
၉။ နိုင်ငံကြီးသားတို့၏လေ့ထုံးစံအတိုင်း ပြောဆိုခြင်း
၁၀။တိကျသေချာ ဌာန်ကရိုင်းကျစွာ ပြောဆိုခြင်းတို့ ဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှလူ့ပတ်ဝန်းကျင်မှာ စီးပွားရေးအလုပ်ခွင်တွင် စကားများပြောကြပါသည်။ ရောင်းဝယ်ဖောက်ကားသည့် ဈေးတွေထဲမှာ စကားတွေပြောဆိုကြပါသည်။ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများဆုံစည်းရာ လက်ဖက်ရည်ဆိုင်တွေထဲမှာလည်း စကားလုံးပေါင်းမြောက်များစွာ သုံးစွဲပြောဆိုနေကြပါသည်။ ထိုသို့နေ့စဉ် သုံးစွဲပြောဆိုနေကြသော စကားလုံးများစွာထဲမှာ ''စကား စကားပြောပါများ စကားထဲက ဇာတိပြ'' ဆိုသည့်စကားမှာ အဓိပ္ပာယ်ရှိလှပါသည်။ ထိုသို့တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုကြရာတွင် မိမိ၏ရင်တွင်းအနှစ်တွေ ဇာတိပြဖို့စကားတွေ အလိုအလျောက်အန်ထွက်ကျ လာတတ်ကြပါသည်။

တချို့က ကောင်းသောစကား
တချို့က ကြောင်းသောစကား
တချို့က ခြောင်းသောစကား
တချို့က စောင်းသောစကား
တချို့က ရောင်းသောစကား
တချို့က ဖောင်းသောစကား
တချို့က မြောင်းသောစကား
တချို့က တောင်းသောစကား
တချို့က ထောင်းသော စကား

ထိုသို့သော စကားများ ပြောဆိုကြရာတွင် ပြောပြီးသော စကားများ ပြန်ရရိုး ထုံးစံမရှိပါ။ စကားကို စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် ပြောဆိုကြရပါမည်။ ပစ်ပြီးသော မြား ပြန်ရရိုးထုံးစံမရှိပါ။ မြားကို ပိုင်ပိုင်နိုင်နိုင် ချိန်ချိန်ဆဆ ပစ်ကြရပါမည်။ စကားတစ်ခွန်းဆို တစ်ခွန်းဆိုသလို ရိုးသားဖြောင့်မတ်မှု၊ တရားမျှတမှု၊ ကတိတည်ကြည်မှုတွေရှိမှ လူအများ ရိုသေလေးစားခြင်းခံရမည့် လူအများ ယုံကြည်အားကိုးခြင်း ခံရမည့် ချစ်ကြည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြမည်။

အချို့သော စကားဝိုင်းများတွင် အတွေးအခေါ် အယူအဆ မတူကြ၍ နားလည်မှု လွဲမှားကာ စကားမြားကို တစ်ယောက်ကိုတစ်ယောက် မှန်တိုင်းကဲ့သို့ ပစ်နေကြပါသည်။ လေညင်းပမာလည်း ပစ်နေကြပါသည်။ တချို့က ပေါ့ပေါ့ဆဆ မချိန်ရွယ်ဘဲ ပစ်နေကြပါသည်။ တချို့က လေးလေးနက်နက် ချိန်ရွယ်၍ ပစ်နေကြပါသည်။ မည်သို့ပင် ပစ်နေကြပါစေ။ အဓိကအချက်မှာ ကိုယ်ပြောသမျှ ဝစီကံကို အကောင်းအဆိုး အကျိုးအပြစ် စဉ်းစားဝေဖန်သုံးသပ်တတ်ဖို့ လိုပါသည်။

'မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား' မြတ်ဗုဒ္ဓ၏ တရားဓမ္မ အဆုံးအမများကို မှတ်သားနာယူကျင့်သုံးကာ မေတ္တာဓာတ်နဲ့ စိတ်ထားမြတ်လျှင် ကိုယ့်ကိုပစ်မှတ်ထားပြီး အန္တရာယ်ပေးမည့် မြားသည် ရှောင်ကွင်းသွားပါလိမ့်မည်။ ။

**မိုးထက်ကို(အမရပူရ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဇ-၁)၊ ဦးပိုင်အမှတ်(၁၁၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ်အဆောက်အအုံ၊ ရေမီတာ၊ မီးမီတာ၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂၃-၁၂-၂၀၂၁)ရက်စွဲပါမှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါလွှဲအပ်စာအရ ပါဝါလက်ခံကာ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာဝင်း(အဘ)ဦးဟာရှိမ်း(ခ)ဟာရှင်(၉/မရတ(နိုင်)၀၀၁၀၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဝင်းသန့် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ် (၃၃)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသန်းငွေ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း(ဘ)ဦးတင်လေး(၉/ပကခ(နိုင်)၀၁၃၈၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၃၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသန်းဝင်း အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၂၀× ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်မြင့်မြင့်(ဘ)ဦးနေဒွန်း(၉/ပသက(နိုင်)၀၁၄၉၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ် (၃၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသာပို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်မင်းသက်(ဘ)ဦးမောင်မောင်တင့်(၁၄/ဘတလ(နိုင်)၀၇၅၁၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၇)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၀၂လမ်းရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ (ခင်ပွန်း) ဦးဇော်မင်းဦးကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝါဝါချို(၉/မရတ(နိုင်)၀၅၂၅၄၆)က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၅)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၅၈)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အရှေ့ဘက်ခြမ်း (၁၀ပေ×ပေ၄၀)နှင့် ဦးပိုင်နံပါတ်(၅၉) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်ခြမ်း(၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးစိန်လှိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးငြိမ်း(ဘ)ဦးစိုးနိုင်(၅/ခဥန(နိုင်)၁၁၀၅၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်များ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| | **ဦးတင်အောင်မိုး LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစ်စင်အောင် LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အေးနန္ဒာထွန်း LL.B**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်မာလာစိုး LL.B**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ဖူးသန့်မွန် LL.B**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၁)၊ ဦးပိုင်နံပါတ်(၅၉-ခ)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်မြညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်အေးမြဆွေ(ဘ)ဦးမျိုးဆွေ(၉/မရမ(နိုင်)၀၇၉၄၀၅)နှင့် ဒေါ်ထက်ထက်မျိုးလွင်(ဘ)ဦးမျိုးလွင်အေး(၁/ကမန(နိုင်)၀၄၀၆၁၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်အေးစုထွန်း(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၈)၊ ဦးပိုင်နံပါတ်(၂၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၈၉)ဧက အကျယ်အဝန်းရှိ ဒေါ်ရီရီထွေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်အေးနှင်းနိုင်(ဘ)ဦးကျော်ငွေ(၁/မညန(နိုင်)၀၀၂၇၂၆)နှင့် ဦးဇင်လင်းအေး(ဘ)ဦးလောက်အဲ(၉/ခအဇ(နိုင်)၀၆၆၉၈၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်အေးစုထွန်း(LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဝေဖြိုးသူ (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဦးဖြိုးသာခန့် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်ကောင်းစုဝင်း(LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၇)၊ ဦးပိုင်အမှတ်(၁၃၂-ခ)၊ ဧရိယာ (၁၅ပေ×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်သည် ဦးဖြိုး(ဘ)ဦးကြည်လင်(၅/ဝလန(နိုင်)၀၄၉၁၁၇)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၁၃ပေ×ပေ၃၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှလှစန်း(ဘ)ဦးပိုတင်(ခ)ဦးဘိုတင်(၉/မရမ(နိုင်)၀၈၉၁၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ် စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေး နှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ စောင့်ရှောက်ရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး နိုင်ငံ့အရေးနှင့် ပတ်သက်၍ နိုင်ငံတော်တွင်ရှိသည့် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များအားတွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## မြစ်သားမြို့နယ် သီခေါင်ကျေးရွာ၌ (VRFP)စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

မြစ်သား ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့်တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် သီခေါင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁ ရက်၊ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ရာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေ အတိုးနှုန်း သတ်မှတ်ချက်များနှင့် ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ(VRFP)ရန်ပုံငွေကျပ် ၄၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သီခေါင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇ ဦး၊ စုစုပေါင်းစီမံကိန်းအသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ရန်ပုံငွေကျပ် ၄၄ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၄၅)

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းတို့တွင် ရေကြီးရေကျော်မှုကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ဩဂုတ် ၃ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂

လက်ရှိမိုးရာသီကာလအတွင်း ဇူလိုင် ၂၇ ရက်မှစတင်၍ ပဲခူးတိုင်းဒေသကြီး၊ ရေဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ ပဲခူးဘူတာနှင့် ဘုရားကြီးဘူတာအကြားနှင့် ပဲခူး-မော်လမြိုင် လမ်းပိုင်းရှိ ပဲခူးဘူတာ-ကလိဘူတာအကြားတို့တွင် လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းပိုင်းအတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း နေရာအချို့တွင်လည်းကောင်း ရထားသံလမ်းအပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ရေတိုက်စားခံရခြင်းတို့ကို ကြုံတွေ့ခဲ့ရသဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်နှင့် ပုသိမ်-ဟင်္သာတ-ကြံခင်း

စာမျက်နှာ ၉ သို့ ❐



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ ပဲခူး-ရွှေလှေအကြား ရထားလမ်းတာပေါင်ရေတိုက်စားထားသော နေရာများအား ကျောက်ကြီးများချယူစီထည့်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## မော်ရိုကိုတို့ အမေရိကန်ကို ဂိုးပြတ်အနိုင်ယူ၊ ဂျပန်ကို သုံးဂိုးပြတ် အနိုင်ယူပြီး စပိန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ည ၇ နာရီ ၃၀ မိနစ်က မော်ရိုကိုအသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက




အမေရိကန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မော်ရိုကိုအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် ရာဟီမီ၊ ပွဲချိန် ၆၃ မိနစ်တွင် အာဟိုမက်စ်၊ ပွဲချိန် ၇၀ မိနစ်တွင် ဟာကီမီ၊ ပွဲချိန်(၉၀+၁)မိနစ်တွင် အယ်လ်မီဒီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဆက်လက်၍ ယနေ့ည ၉ နာရီ ၃၀ မိနစ်က ဂျပန်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဂျပန်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၁ မိနစ်နှင့် ၇၃ မိနစ်တွင် လိုပက်ဇ်က သွင်းယူပေးခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် အေဘယ်ရုစ်က သွင်းယူပေးခဲ့သည်။

၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၅ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီ ၃၀ မိနစ်တွင် မော်ရိုကိုအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

(NGB)